မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၀၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

၂၀၁၃ ခုနှစ်၊ မေ ၂၇ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၇

၂၀၁၃ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူမားတံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညာဏ်ထွန်း Asia Group ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ နေစွမ်းအင်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်တွန်းသည် ယနေ့ နံနက် ၁၁ နာရီတွင် အမေရိကန်လက်တောက် နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် Asia Group ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Dr. Kurt Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဦးညာဏ်တွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဟံစိန်၊ ဦးဆကီအောင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ခြင်း၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြန်မာ့လေကြောင်းနှင့် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ နေစွမ်းအင်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိစ္စရပ်များအပေါ် ရင်းနှီးစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညာဏ်ထွန်း အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီးဟောင်းနှင့် Asia Group ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Dr. Kurt Campbell နှင့်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လွတ်လပ်၍တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ကျင်းပပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က ကြီးကြပ်ကျင်းပပေးသည့် ဒီမိုကရေစီရွေးကောက်ပွဲများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရသော အမျိုးသားရေးလုပ်ငန်းကြီးဖြစ်သောကြောင့် လွတ်လပ်တရားမျှတရုံသာမက နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့် ပြည်စုံရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် Electoral Stakeholders Roundtable Meeting တွင် ပြောကြားသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပရသည့်အခါ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အဘက်ဘက်မှ အားနည်းချက်များ ပရှိစေရန်နှင့် လွတ်လပ်ပြီး တရားမျှတမှုရှိစေရန်အတွက် ယခုအချိန်မှစတင်ပြီး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါရွေးကောက်ပွဲများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၆၆၀ ဦးတို့ကို အောင်မြင်စွာ ရွေးကောက်တင်မြှောက်ပေးနိုင်ခဲ့ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် လွှတ်တော်မဲဆန္ဒနယ် (၄၅) နယ်အတွက် ကြားဖြတ်ရွေးကောက်တင်မြှောက်ပွဲကိုလည်း ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ ရွေးကောက်ပွဲများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးတို့ကို အောင်မြင်စွာ ရွေးကောက်ပေးနိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ▲

နိုင်ငံတကာ

ကမ္ဘာသို့ ကျရောက်လာမည့် ဂြိုဟ်သိမ်များ၏ ကပ်ဘေး ကာကွယ်ရေးအတွက် နာဆာနှင့် ပူးပေါင်းရန် ရုရှားစဉ်းစားနေ

သတင်းစာမျက်နှာ ➤ ၅

ပြည်တွင်း

မြင်းခြံမြောက်ဘက် မဟာဗျူဟာအချက်အချာကျသည့် နဘူးအိုင်စံပြကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု အုံမခန်းတိုးတက်လာ

သတင်းစာမျက်နှာ ➤ ၁၀

ပြည်တွင်း

လမ်းနှင့် လျှပ်စစ်ဓာတ်အား ကောင်းမွန်ခြင်းကြောင့် ပိုမိုလှပလာသည့် မြို့လှိုင်ကော်

သတင်းစာမျက်နှာ ➤ ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စီးပွားရေးအခွင့်အလမ်း ဖွင့်လင်းလာတော့မည်

ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ပင်မှုများအား ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဧပြီ ၂၃ ရက်က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံနှင့် အီးယူဆက်ဆံရေးကို အားပေးရာရောက်သည့်အပြင် အနာဂတ်တွင် မြန်မာ-အီးယူတို့ ပိုမိုနက်ရှိုင်းကျယ်ပြန့်သော နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်းများ ပိုမိုအကျိုးဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

ဥရောပသမဂ္ဂသည် မြန်မာအစိုးရ၏ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသော ပြုပြင်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို စိတ်အားထက်သန်စွာ ထောက်ခံအားပေးလျက်ရှိပြီး ကနဦးအနေဖြင့် ၂၀၁၂ ခုနှစ် မေလ ၁၄ ရက်တွင် ပိတ်ပင်ကန့်သတ်မှုအများစုကို တစ်နှစ်ဆိုင်းငံ့ထားခဲ့သည်။ ယခုစီးပွားရေးဆိုင်ရာ ပိတ်ပင်ကန့်သတ်မှုများအားလုံးကို ရုပ်သိမ်းလိုက်ခြင်းသည် မြန်မာနိုင်ငံအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာတော့မည်ဖြစ်သည်။

မကြာသေးမီကာလက နိုင်ငံတော်သမ္မတကြီး သွားရောက်ခဲ့သော ဥရောပသမဂ္ဂအဖွဲ့ဝင် ငါးနိုင်ငံဖြစ်သည့် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီတို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးရလဒ်များရရှိပြီဖြစ်သည်။ ယင်းခရီးစဉ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပပါလီမန်၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ရာတွင် "မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်နှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းများအောင်မြင်ရန် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် ကျယ်ပြန့်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များ၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့် ဝင်ငွေတိုးတက်မှုများကို ဆောင်ကြဉ်းနိုင်သည့် စီးပွားရေးစနစ်သစ်တစ်ခုကို ပူးတွဲဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများရှိနေသရွေ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များအတွက် အဟန့်အတားဖြစ်စေမည်ဖြစ်သည်အတွက် ဥရောပသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများကို အပြီးတိုင်ဖယ်ရှားပေးရန်နှင့် အခြားနိုင်ငံများ၏ ပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရေးအတွက်လည်း အကူအညီများပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း"ကို ပြောကြားခဲ့ပေသည်။

မြန်မာနိုင်ငံတွင် အစိုးရသစ် တာဝန်ယူပြီးသည်မှစ၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပြုလုပ်ခဲ့ရာ ပြည်သူများမျှော်လင့်နေသည့် ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရ၊ ဒီမိုကရေစီ ကျင့်စဉ်များ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး စသည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိရာ ဥရောပသမဂ္ဂဘက်မှ စီးပွားရေးပိတ်ပင်ကန့်သတ်မှုများအားလုံးကို ရုပ်သိမ်းလိုက်ခြင်းသည် မြန်မာပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာပြီး စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ကာ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေး(၁/၂၀၁၃)ကို ဧပြီ ၂၃ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားရာတွင် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် နှစ်ဖက်လူ့အဖွဲ့အစည်းများ ဆက်ဆံရေးပြန်လည်သင့်မြတ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန်၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်နှင့် တယ်လီဖုန်းဆက်သွယ်ရေးစနစ် တည်ထောင်ပေးရန်၊ ပဋိပက္ခဖြစ်ခဲ့သော နှစ်ဖက်လူ့အဖွဲ့အစည်းများ ပုံမှန် ပြန်လည်စီးပွားရှာဖွေရပ်တည်နိုင်စေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပဋိပက္ခဖြစ်နေသည့် နှစ်ဖက် လူ့အဖွဲ့အစည်းများ သဟဇာတဖြစ်လာစေရေး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုရရန်၊ ကိုယ်ချင်းစာတရားရှိရန်၊ သည်းခံစိတ်ရှိရန်၊ အာဃာတများကို ဖြေဖျောက်နိုင်ကြရန်၊ ယခင်ကအတိုင်း အပြန်အလှန် ရောင်းဝယ်ဖောက်ကား ဆက်ဆံနိုင်ရန်အတွက် မြို့မိမြို့ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နှစ်ဖက်အဖွဲ့အစည်းများ စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ်သည် တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှု တိုးတက်ရရှိလာသည်နှင့်အမျှ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တိုးမြှင့်ဆောင်ရွက်ပေးလာနိုင်မည် ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်များရှိသဖြင့် မကြာမီ မိုးရာသီရောက်ရှိလာတော့မည်ဖြစ်၍ လက်ရှိဒုက္ခသည်များအား အမိုးအကာအောက် အမြန်ရောက်ရှိစေရေးအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် ဒုက္ခသည်များအတွက် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုလုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် မျိုးစပါးများ၊ ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ရေစုပ်စက်များ အချိန်မီရရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းများကို ပြန်လည်စတင်နိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လည်း လိုအပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးသာလှချေတို့က ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးတက်ရောက်လာကြသူများနှင့် Myanmar Development Research Institute (MDRI) ကိုယ်စားလှယ် ဒေါက်တာတင်မောင်သန်းတို့က ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ရန်ကင်း၌ သစ်ကိုင်းသစ်ရွက်ခြောက်အမှိုက်များ မီးဘေးစိုးရိမ်ရ

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကင်းမြို့နယ် အမှတ်(၂) ရပ်ကွက် ရန်အောင်လမ်းသွယ် (၃) လမ်းရှိ တိုက်အမှတ် ၂၈၉ နှင့် ၃၁၀ ကြား၌ ပတ်ဝန်းကျင်မှတွက်ရှိသော သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များကို စည်းကမ်းမဲ့စွာ လာရောက်စွန့်ပစ်နေကြသောကြောင့် နွေရာသီတွင် မီးဘေးအန္တရာယ် စိုးရိမ်စရာဖြစ်လာပါသည်။

အဆိုပါ တိုက်များသည် အိုးအိမ်ဦးစီးဌာနပိုင် လေးထပ်တိုက်များဖြစ်ပြီး တိုက်ပတ်ဝန်းကျင်၌ အန်းပင်၊ သရက်ပင်၊ ပိန္နဲပင်နှင့် အခြားချုံနွယ်များလည်း ပေါက်ရောက်နေပြီး အဆိုပါ သစ်ပင်များမှတွက်ရှိသော သစ်ရွက်ခြောက်များကို အမှိုက်ပုံသဖွယ် လာရောက် စွန့်ပစ်နေကြသောကြောင့် တိုက်ပေါ်မှပစ်ချသော ဆေးလိပ်မီးပွားများနှင့် လမ်းသွားလမ်းလာများ၊ ဆေးလိပ်သောက်သူများက အမှုမဲ့အမှတ်မဲ့ ပစ်ချလိုက်သည့် ဆေးလိပ်တိုမီးများမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်သည်အတွက် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန် တင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြလိုက်ရသည်။ **(ယာပုံ) (ဝ၄၃)**

ကျိုးပေါင်းရောဂါဆိုလျှင် ကြို့ပင်ကောက်မြို့ သမားတော်ကြီး ဦးစံမြင့် ၏
ရွှေသမင် ကျိုးပေါင်းရောဂါ
အမှတ်တံဆိပ်

သောက်ဆေး၊ လိမ်းဆေး၊ အထူးအုံဆေး (ကြပ်ထုပ်ဆေး)ကို သတိရလိုက်ပါ။
ပင်ရင်း - အမှတ် (၃၈) ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့။ ဖြန့်ချိရေး - အမှတ် (၂) တန်သာယာလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁ ၆၆၄၃၃၈

လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် လတ်တလောဆောင်ရွက်ပေးနိုင်သည်များ ချက်ချင်းအကောင်အထည်ဖော် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျ ထင်သာမြင်သာဆောင်ရွက်သွား

နေပြည်တော် ဧပြီ ၂၆

ထက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ထက်ရောက်အမှာစကားပြောကြားပြီး (အပေါ်ပုံ) **ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းထွန်းနှင့် ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ထက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မိမိတို့ကော်မတီအနေဖြင့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အဖွဲ့လေးဖွဲ့ခွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလောဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းအကောင်အထည်ဖော်ပြီး ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် စနစ်တကျ တင်သာမြင်သာဖြင့် စံပြဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးကို အလေးထား၍ ဒေသဖွံ့ဖြိုးရေးတွင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းသွားရန် လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် မြေယာဖော်ထုတ်ခြင်း၊ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးခြင်း၊ ဆေးရုံတည်ဆောက်ပေးခြင်း၊ စာသင်ကျောင်းများ ပြုပြင်တည်ဆောက်ခြင်းတို့ကို မြန်မြန်တက်တက် ဆောင်ရွက်သွားရမှာဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်တိန်းသိမ်းရေးလုပ်ငန်းများကို တိတိကျကျ ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌစစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက စီမံကိန်းနယ်မြေအတွင်း အနီးပတ်ဝန်းကျင်ဒေသရှိ ဒေသခံပြည်သူများအား အလုပ်အကိုင် ဖန်တီးဖော်ဆောင်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းထင်းတင်ပြ

တို့နောက် ပြည်တောင်စုဝန်ကြီး ဦးဝင်းတွန်းက သဘာဝပတ်ဝန်းကျင်တိန်းသိမ်းရေးနှင့် မိုးရာသီအမီ သစ်ပင်များစိုက်ပျိုးရန် စီမံထားရှိမှုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖြင့်အောင်က စာချုပ်ချုပ်ဆိုမြင်းနှင့် စီမံကိန်းအကောင်အတည်ဖော်ရေးကိစ္စများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ မြည်တောင်စုဝန်ကြီး ဦးလှထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အချိန်အဟုန်မြင့် လုပ်ငန်းများ ဆောင်ရွက်နေသော်လည်း အခက်အခဲများလည်းရှိမည်ဖြစ်ကြောင်း၊ စာနာနားလည်မှုဖြင့် အခက်အခဲများကို ဖြေရင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဖွဲ့များအနေဖြင့် ပြည်သူလူတုအတွင်း ညှိနှိုင်းဆွေးနွေးပြီး ရေရှည်အကျိုးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်များ အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လက်ပံတောင်းတောင် စီမံကိန်းဧရိယာနှင့် ဒေသအတွင်း EIA, SIA လုပ်ငန်းများ ဆောင်ရွက်ရာတွင် Knight Piesold ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်တိန်းသိမ်းခြင်းလုပ်ငန်းအတွက် ဖုန်သုံးဖုန်ခွဲ၍ လာမည့်မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးရန် စီစဉ်လျက်ရှိရာ စိန်ပန်း၊ ကုက္ကို၊ တမာ၊ မဲဇလီ၊ ယူကလစ်၊ ခရေ၊ သရက်၊ ပိန္နဲစသည့်အပင်အရေအတွက် ၁၁၄၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ပြီး ယင်းလုပ်ငန်းအတွက် ငွေကျပ်သိန်းပေါင်း ၄၀၀ ကျော် သုံးစွဲဆောင်ရွက်မည်ဖြစ်သည်။

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းဒေသအတွင်း တိုက်နယ်ဆေးရုံတစ်ရုံနှင့်ကျေးလက်ကျန်းမာရေးဌာနခွဲများ ထပ်မံဆောက်လုပ်ပေးမည်ဖြစ်ပြီး စာကြည်တိုက်၊ သောက်သုံးရေရရှိရေး၊ ကျောင်း၊ ကျေးလက်လမ်းနှင့် ကျေးလက်အားကစားကွင်းများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကြေးနီစီမံကိန်းမှ ငွေကျပ်သိန်း ၆၆၀၀ ကျော် သုံးစွဲရန်လျာထားခဲ့ရာ ကျော်ရှာအခြေခံပညာမူလတန်းကျောင်းအား ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် ရရှိရေးအတွက် ကွန်ပျူတာသင်တန်းအား ဝက်မေးကံတောရွာသစ်တွင် ဖွင့်လှစ်ခဲ့ပြီး အိမ်တွင်းမှု စက်ချုပ်သင်တန်းကို ဆားလင်းကြီးမြို့နယ်တွင် အမျိုးသမီး ၈၀ ဖြင့် စတင်မွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အပြင် အမျိုးသမီး အရန်သားဖွားသင်တန်းများကိုလည်း မွင့်လှစ်ပေးသွားမည်ဖြစ်သည်။ သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အနေဖြင့် ဒေသခံတောင်သူ ၆၇၆ ဦး၊ မြေဧက ၂၀၁၈ ဧကအတွက် မြေယာလျော်ကြေးငွေ ကျပ်သိန်းပေါင်း ၂၀၅၄၁ သိန်းပေးအပ်ခဲ့ပြီး စိုက်ပျိုးမြေဖော်ထုတ်ခြင်းလုပ်ငန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်တမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည်မြောက်သည်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ဦးစိုးလှိုင်	ညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ခ) ဒေါ်ခင်ကြည်မြ	ပါမောက္ခချုပ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ သမဝါယမတက္ကသိုလ်(သန်လျင်) ဒုတိယပါမောက္ခချုပ် ဒေါက်တာသိန်းထွန်းအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပို့

နေပြည်တော် ဧပြီ ၂၇

၂၀၁၃ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်တောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စ မေတေး အမ် အင်ကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၄-၂၀၁၃ (စနေနေ့)

နံနက်ပိုင်း

၆း၁၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ဓမ္မပူဇာတေး
၆း၃၅	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ/အက
၇း၀၀	ပြည်တွင်းသတင်း+မိုးလေဝသသတင်း
၇း၂၀	**နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၏ ကွင်းဆင်းအကဲဖြတ်တွေ့ရှိချက် အကြိုမြင်ကွင်း (အကောင်းဆုံး ပို့ကုန်လုပ်ငန်းရှင်ဆု)**
၇း၃၀	**Public Debate (Part-1)**
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၁၀း၀၀	ပြည်တွင်းသတင်း
၁၀း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (အပိုင်း-၃၂) (Re Run)
၁၀း၅၅	ရွှေရင်ခုန်သံ

နေ့လယ်ပိုင်း

၁၂း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၁၂း၂၅	တစီပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

ညပိုင်း

၁၅း၀၀	ပြည်တွင်းသတင်း
၁၅း၂၅	တေးဂီတအစီအစဉ်
၁၆း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၆း၁၅	လူကုန်ကူးမှုဆိုင်ရာ ပညာပေးအစီအစဉ်
၁၆း၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၁၇း၀၀	ပြည်တွင်းသတင်း
၁၇း၄၅	Road to 27th SEA Games (ပိုက်ကျော်ခြင်း)
၁၈း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၁၈း၃၀	မြန်မာဆန်ဆန်လှနိုင်အား မြန်မာ့ရုပ်မြင်သတင်း ကြေညာသများ
၁၉း၀၀	ပြည်တွင်းသတင်း
၂၀း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၃၅	**နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ နိုင်ငံအတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု**
၂၀း၄၅	ခေတ်ဦးရုပ်မြင်တေးသံစဉ်
၂၁း၀၀	ပြည်တွင်းသတင်း

နိုင်ငံတကာသတင်း

ဒါကာမြို့အနီး ပြိုကျအဆောက်အအုံအတွင်း လူရာနှင့်ချီ၍ ပျောက်ဆုံးနေဆဲဖြစ်

ဒါကာ ဧပြီ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနီး၌ ဧပြီ ၂၄ ရက်က ပြိုကျခဲ့သော အဆောက်အအုံကြောင့် လူပေါင်း ၂၇၃ ဦး သေဆုံးခဲ့ပြီးနောက် ရာပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ဒါကာမြို့အနီး ရာနားပလာဇာအဆောက်အအုံပျက်မှ ဧပြီ ၂၅ ရက်ကတည်းက လူ ၄၀ ကိုသာ ကယ်ဆယ်နိုင်ခဲ့သေးသည်ဟုဆိုသည်။ သေဆုံးသူများအတွက် နိုင်ငံတစ်ဝန်း အထူးဆုတောင်းပွဲပြုလုပ်ရန် ဝန်ကြီးချုပ် ရှိတ်ဟာစီနာက ဆော်ဩထားသည်။ ထောင်ပေါင်းများစွာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများက လုံခြုံဘေးကင်းသော အဆောက်အအုံမရှိခြင်းအပေါ် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဧပြီ ၂၅ ရက်က ဘင်္ဂလားဒေ့ရှ်အထည်ချုပ်ထုတ်လုပ်သူများအသင်း ဌာနချုပ်အပြင်ဘက်၌ ဆန္ဒပြသူများနှင့် ရဲအဖွဲ့တို့ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ အချို့သော လမ်းများကို ပိတ်ဆို့ထားရသည်ဟုဆိုသည်။

မြို့တော်ဒါကာနေရာအချို့တွင် အထည်ချုပ်လုပ်သားများက ဧပြီ ၂၆ ရက်အထိ ဆက်လက်ဆန္ဒပြနေကြသည်ဟု ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြသည်။ **(ဘီဘီစီ)**

အီရတ်၌ ပြည်နယ်ရွေးကောက်ပွဲများ ကျင်းပ လက်ရှိဝန်ကြီးချုပ်ညွန့်ပေါင်းအဖွဲ့ ထိပ်ဆုံးမှဦးဆောင်နေ

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်ဝန်ကြီးချုပ်နော်ရီအယ်လ်မာလီကီ၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် အီရတ်ပြည်နယ်ရွေးကောက်ပွဲများတွင် ဦးဆောင်နေကြောင်း ကနဦးမဲရေတွက်မှုရလဒ်များတွင် ဖော်ပြသည်။ (အပေါ်ပုံ)

ဝန်ကြီးချုပ်မာလီကီ၏ မဟာမိတ်များသည် ဘဂ္ဂဒက်အပါအဝင် ပြည်နယ် ၁၂ ခုအနက် ကိုးခုတွင် မဲအများဆုံးဖြင့် အနိုင်ရရှိထားပြီးဖြစ်ကြောင်း ဧပြီ ၂၅ ရက်က အီရတ်ရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။ မာလီကီ၏ညွန့်ပေါင်းအစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ် ပါလီမန်ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲ အနိုင်ရရှိရန် အခြေအနေကောင်းတစ်ခုရရှိထားပြီဖြစ်သည်။ ၎င်း၏ ညွန့်ပေါင်းအစိုးရအဖွဲ့သည် မြောက်ပိုင်းနေ ရှီးယားနှင့်ဆွန်နီအာရပ်လူမျိုးတို့ကို ကိုယ်စားပြုသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလက အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားပြီးနောက် အီရတ်နိုင်ငံ၌ ဧပြီ ၂၀ ရက်က ပထမဆုံးအကြိမ် ပြည်နယ် ၂၀ တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။

ပြည်နယ်ကောင်စီအမတ်နေရာ ၄၄၇ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်သူပေါင်း ၈၁၃၈ ဦးရှိသည်။ **(ရိုက်တာ)**

တောင်ကိုရီးယားနိုင်ငံ၏ ဆွေးနွေးရန် ကမ်းလှမ်းမှု မြောက်ကိုရီးယားမတုံ့ပြန်

ဆိုးလ် ဧပြီ ၂၆

နှစ်နိုင်ငံဝူးတွဲကီဆောင်စက်မှုဇုန်တွင် လုပ်ငန်းများပြန်လည်စတင်မှုအပေါ် နည်းလမ်းတကျ ဆွေးနွေးရန်အတွက် တောင်ကိုရီးယား၏ အဆိုပြုကမ်းလှမ်းချက်ကို မြောက်ကိုရီးယားက တုံ့ပြန်ခြင်းမရှိခဲ့ကြောင်း ဆိုးလ်အရာရှိများ၏ ပြောကြားချက်အရ သိရသည်။

သတိပေးထားခဲ့

တောင်ကိုရီးယားက ကီဆောင်စက်မှုဇုန်အပေါ် တရားဝင်ဆွေးနွေးမှုကို သဘောတူညီရန် မြောက်ကိုရီးယားအား ဧပြီ ၂၅ ရက်က ၂၄ နာရီကြာအချိန်ပေးခဲ့ပြီး ၎င်းတို့၏ ကမ်းလှမ်းမှုကို မသိကျိုးကျွံပြုခဲ့လျှင် စိုးရိမ်ဖွယ်အနေအထားဟု သတိပေးထားခဲ့သည်။

တောင်ကိုရီးယားသမ္မတသည် နောက်တစ်ဆင့်ဆွေးနွေးရန် လုံခြုံရေးအစည်းအဝေးတစ်ရပ်ကို ဆင့်ခေါ်ခဲ့ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက ထုတ်ပြန်ခဲ့သည်။ ဖေဖော်ဝါရီလက မြောက်ကိုရီးယား၏ တတိယအကြိမ် နျူကလီးယားစမ်းသပ်ပြီးနောက် ကိုရီးယားနှစ်နိုင်ငံအကြား တင်းမာမှုများအရှိန်မြင့်မားနေသည်။ **(ဘီဘီစီ)**

ရုရှား၌ စိတ်ရောဂါကုဆေးရုံမီးလောင်၊ ၃၆ဦးသေဆုံး

မော်စကို ဧပြီ ၂၆

ရုရှားနိုင်ငံမော်စကိုမြို့ မြောက်ပိုင်းတွင် ဧပြီ ၂၆ရက် အစောပိုင်းက စိတ်ရောဂါကုဆေးရုံတစ်ရုံ၌ ကြီးမားသောမီးလောင်မှုဖြစ်ပွားရာ ၃၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အရေးပေါ်အခြေအနေဝန်ကြီးဌာနက ပြောကြားသည်။ **(ယာပုံ)**

မီးလောင်မှုဖြစ်ပွားသည့် အဆိုပါစိတ်ရောဂါကုဆေးရုံအတွင်းမှ ရုပ်အလောင်း ၃၆ လောင်းကို ကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့ကြောင်း အီတာတက်စ်သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

ဖြစ်ပွားခဲ့

ဆေးရုံအတွင်း၌ လူနာနှင့်ဆေးဝန်ထမ်းစုစုပေါင်း ၄၁ ဦးရှိရာ သုံးဦးသာ မီးလောင်မှုမှ လွတ်မြောက်ခဲ့မှုကြောင့် သေဆုံးသူ ၃၈ ဦးအထိတိုးနိုင်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ အဆိုပါ မီးလောင်မှုသည် မော်စကိုမြို့မြောက်ပိုင်း ဒီမီထရော့ဗ်စကီးခရိုင်အတွင်း တစ်ထပ်အဆောက်အအုံစိတ်ရောဂါကုဆေးရုံ၌ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၂နာရီ ၂၃ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

ယင်းမီးလောင်မှုသည် ဆေးရုံအဆောက်အအုံအတွင်း လျှပ်စစ်ပတ်လမ်းတစ်ခုပြတ်တောက်ရာမှဖြစ်နိုင်ကြောင်း၊ လူအများစုမှာ အိပ်ပျော်နေစဉ် မီးခိုးငွေ့များ ရှူရှိုက်မိရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းမီးလောင်မှုသည် ညအချိန်၌ ဖြစ်ပွားခြင်းကြောင့် ဆေးရုံအတွင်းရှိသူများအတွက် အသက်ဘေးမှလွတ်မြောက်ထွက်ပြေးရန် အခက်အခဲဖြစ်ခဲ့သည်ဟုဆိုသည်။ အဆောက်အအုံဘေးပတ်လည်တွင် ကြီးမားသော မီးခိုးလုံးများကြောင့် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အဟန့်အတားဖြစ်နေခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ပြောကြားသည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

အီကွေဒေါနိုင်ငံမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား၊ ၁၄ ဦးသေဆုံး

ကွီတို ဧပြီ ၂၆

အီကွေဒေါနိုင်ငံမြောက်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် ရတ်တရက်မိုးများ သည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားပြီး အနည်းဆုံး ၁၄ ဦး သေဆုံးခဲ့ကြောင်း ဧပြီ ၂၅ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အဆိုပါ မြေပြိုမှုသည် အီကွေဒေါနိုင်ငံမြောက်ပိုင်း အီစမာရာဒက်စ်ပြည်နယ် တာဘီတီမြို့ရှိ ကျေးရွာတစ်ရွာတွင် ဧပြီ ၂၄ ရက်က ဖြစ်ပွားခဲ့ပြီး မြေပြိုမှုကြောင့် ၁၄ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမြို့ပြကာကွယ်ရေးဌာန၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက ထုတ်ပြန်သည်။

နာရီပေါင်းများစွာ မိုးများသည်းထန်စွာရွာသွန်းရာမှ ယင်းကျေးရွာအတွင်း မြေကြီးများပျော့ကာ အရည်ပျော်ပြီးနောက် အဆိုပါမြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ယခုနှစ်ဇန်နဝါရီလအတွင်းကလည်း အီကွေဒေါနိုင်ငံ မြို့တော်ကွီတို အရှေ့တောင်ဘက် ကီလိုမီတာ ၃၄၀ ခန့်အကွာ ဝူဘာလိုနူဗီရှိ ရွှေသတ္တုတူးဖော်ရေးတွင်းတစ်တွင်း၌ မိုးရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးခဲ့ပြီး အခြား ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

ဗင်နီဇွဲလား အစိုးရသစ်ရဲ့ ခြေလှမ်းများ

မောင်မဟာ

ဗင်နီဇွဲလားသမ္မတသစ်အဖြစ် ကျမ်းသစ္စာဆိုပြီးနောက် ကွယ်လွန်သွားတဲ့ သမ္မတဟောင်း ဟူဂိုချာဗက်ဇ်ရဲ့ လမ်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမယ်လို့ သမ္မတမာဒူရိုက တရားဝင်ထုတ်ဖော်ပြောကြားလိုက်တဲ့အတွက် ကမ္ဘာ့နိုင်ငံတွေက ဗင်နီဇွဲလားအစိုးရသစ်ကို စောင့်ကြည့်အကဲခတ်နေကြပါတယ်။

ကရာကတ်စ်မြို့မှာ ဧပြီ ၂၂ ရက်က ကျင်းပခဲ့တဲ့ သမ္မတကျမ်းသစ္စာဆိုပွဲအပြီးမှာ ဗင်နီဇွဲလားနိုင်ငံကို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်သွားမယ်လို့ဆိုလိုက်ပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ပိုမိုကောင်းအောင် ဆောင်ရွက်သွားမယ်လို့ သမ္မတမာဒူရိုက ပြောကြားပါတယ်။

သမ္မတမာဒူရိုရဲ့ အစိုးရသစ်အဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့တဲ့နေရာမှာ အရင်အစိုးရဝန်ကြီးဟောင်း ထက်ဝက်ခန့်ကို ပြန်လည်ခန့်အပ် တာဝန်ပေးခဲ့ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးအဖြစ် နီလ်ဆင်မီရန်တက်စ်ကို တာဝန်ပေးခဲ့ပြီး အရင်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဂျော့ဂေါ် ဒါနီကို စီမံကိန်းရေးရာဝန်ကြီးအဖြစ် တာဝန်ပေးခဲ့ပါတယ်။

ကွယ်လွန်သွားတဲ့ သမ္မတဟူဂိုချာဗက်ဇ်ရဲ့ သမက်ဖြစ်သူကိုလည်း ဒုတိယသမ္မတအဖြစ် တာဝန်ပေးခန့်အပ်ခဲ့သလို အီလစ်ဂျာအာနဲ့ ရာဖေးလ်ရာမီရက်ဇ်တို့ကိုလည်း နိုင်ငံခြားရေးဝန်ကြီးနဲ့ ရေနံလုပ်ငန်းဝန်ကြီးတွေအဖြစ် တာဝန်ပေးပါတယ်။

သမ္မတဟောင်း ဟူဂိုချာဗက်ဇ်ရဲ့ ဆိုရယ်လစ်လမ်းစဉ်အတိုင်း ဆက်လက် အကောင်အထည်ဖော်မယ့် သမ္မတသစ်မာဒူရိုကို ဆန္ဒပြကန့်ကွက်သူတွေ အများအပြားရှိနေပေမယ့် နိုင်ငံ တိုးတက်ဖြစ်ထွန်းမှုအတွက် အောင်မြင်အောင် ဆောင်ရွက်သွားမယ်လို့ သမ္မတသစ်က ဆိုနေပါတယ်။

သမ္မတမာဒူရိုရဲ့ အစိုးရအဖွဲ့သစ်မှာ ပါဝင်တဲ့ နိုင်ငံခြားရေးဝန်ကြီး အီလစ်ဂျာအာက "အမေရိကန်တို့အနေနဲ့ ဗင်နီဇွဲလားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေနဲ့ အခြားပိတ်ဆို့မှုတွေ ပြုလုပ်လာခဲ့မယ်ဆိုရင် မိမိတို့ကလည်း မလွဲမရှောင်သာဘဲ တုံ့ပြန်မှုတွေ ဆောင်ရွက်ရမှာသာဖြစ်ပါတယ်" လို့ဆိုနေတာမို့ အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံတွေအနေနဲ့ ဆက်ဆံရေးဟာ အရင်အတိုင်း ဆက်လက်တည်ရှိနေမယ့် အနေအထားပါပဲ။

ဒီလိုပြောဆိုနေတာဟာလည်း ဗင်နီဇွဲလားနိုင်ငံရဲ့ ရေနံတွေဟာ အမေရိကန်နိုင်ငံကို တစ်နေ့စည်ပေါင်း ၉၀၀၀၀၀ ခန့် တင်ပို့နေရလို့ဖြစ်ပြီး ဒါကို ရည်ရွယ်ပြီးတုံ့ပြန်မှုတွေပြုလုပ်နိုင်တယ်လို့ ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားနေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့မှာရှိတဲ့ အမေရိကန်သံရုံးကတော့ တစ်စုံတစ်ရာ ဝေဖန်ပြောဆိုခြင်းမရှိပါဘူး။

အသက် ၅၀ အရွယ်သာရှိသေးတဲ့ သမ္မတသစ်မာဒူရိုဟာ ဗင်နီဇွဲလားနိုင်ငံမှာ အတိုက်အခံတွေရဲ့ ကန့်ကွက်ဆန္ဒပြမှုတွေကို ငြိမ်သက်ဖို့ကြိုးစားရမှာဖြစ်သလို နိုင်ငံတကာဆက်ဆံရေးကောင်းမွန်တိုးတက်ဖို့ ဆောင်ရွက်သွားရမှာလည်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုရရှိအောင် ဆွဲဆောင်ဖို့လည်းကြိုးစားရမှာပါ။

ဒါပေမယ့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အရင်ကာလတွေထက် ပိုမိုဝင်ဆံ့လာအောင် ဆောင်ရွက်သွားမယ်လို့ သမ္မတမာဒူရိုက ဆိုနေတာမို့ ဗင်နီဇွဲလား အစိုးရသစ်ရဲ့ ခြေလှမ်းတွေကို ကမ္ဘာ့နိုင်ငံတွေက စောင့်ကြည့်လျက်ရှိပါတယ်။

ကမ္ဘာသို့ကျရောက်လာမည့် ဂြိုဟ်သိမ်များ၏ဘေး ကာကွယ်ရေးအတွက် နာဆာနှင့် ပူးပေါင်းရန် ရုရှားစဉ်းစားနေ

ရုရှားဖက်ဒရယ် အာကာသအေဂျင်စီရိုမိုကော့စ်သည် ကမ္ဘာကိုဝင်တိုက်မည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ဘေးရန်ကာကွယ်ရေးအတွက် အမေရိကန်နာဆာ၏စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်သွားရန် စဉ်းစားလျက်ရှိကြောင်း အေဂျင်စီအကြီးအကဲ ဗလာဒီမာပိုပိုဗီကင်ကဆိုသည်။



နာဆာ၏ ယင်းစီမံကိန်းမှာ ဂြိုဟ်သိမ်ဂြိုဟ်မွှားအား ရပ်တန့်စေပြီး ထိန်းချုပ်ဆွဲယူကာ လပတ်လမ်းတွင်း တွန်းပို့သွားစေမည့် စီမံကိန်းဖြစ်သည်။ ထိုလပတ်လမ်းတွင်း ရောက်ရှိမည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားကို စူးစမ်းရေးများလည်း ပြုလုပ်သွားရန် ရည်ရွယ်ကြံဆောင်သည့် စီမံကိန်းဖြစ်သည်ဟု ပိုပိုဗီကင်က သတင်းစာတစ်စောင်သို့ ပြောကြားခဲ့သည်။

"ဂြိုဟ်သိမ်ဂြိုဟ်မွှားကို စူးစမ်းလေ့လာမယ့် လူပါလေ့လာရေးယာဉ်ကို ရုရှားနိုင်ငံအနေနဲ့ စေလွှတ်နိုင်ပါတယ်။ ဒါမှမဟုတ် အာကာသယာဉ် စက်ရုပ်စမ်းတံများနဲ့လည်း လေ့လာရေးပြုလုပ်သွားနိုင်ပါတယ်" ဟု ပိုပိုဗီကင်က ပြောကြားသည်။

အမေရိကန်အခြေစိုက် အာကာသ စူးစမ်းရှာဖွေရေး ကတ်သိပ္ပံကျောင်း၏ အဆိုအရ ယခု ဂြိုဟ်သိမ်ဂြိုဟ်မွှားကာကွယ်စူးစမ်းရေး ပရောဂျက်တစ်ခုလုံး၏ စုစုပေါင်း ကုန်ကျတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံရှိကြောင်း သိရသည်။

အသုံးပြု

ယင်းစီမံကိန်းကြီးတွင် ဧရာမအာကာသရှုံ့ကြိုးစက်ယန္တရားကြီးကို အာကာသအထူးပြု ပညာရှင်များက အသုံးပြုသွားမည်ဖြစ်သည်။ ဦးတည်ပစ်မှတ်ထားရာ ဂြိုဟ်သိမ်ဂြိုဟ်မွှားများကို ဆွဲယူရပ်တန့်စေပြီး ဧရာမရှုံ့ကြိုးယန္တရားဖြင့် လပတ်လမ်းအတွင်းသို့ ဆွဲယူပို့ဆောင်ရမည်ဖြစ်သည်။

အကြံပြု

လတ်တလောအခါးတွင် ရိုမိုကော့စ်ဥက္ကဋ္ဌဖြစ်သူက ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ထောက်လှမ်းစောင့်ကြည့်ရေး အထူးပေါင်းစည်းစနစ်တစ်ရပ်ကို တည်ထောင်ရန် အကြံပြုထားသည်။ ယင်းစနစ်ဖြင့် ကမ္ဘာသို့ ခြိမ်းခြောက်လျက်ရှိသည့် အာကာသကျူးကျော်သူများဟု ခေါ်ဝေါ်သော ဂြိုဟ်သိမ်ဂြိုဟ်မွှား အာကာသဒြပ်စင်အရာဝတ္ထုများကို ထောက်လှမ်းမည်ဖြစ်သည်။

တပ်ဆင်တီထွင်

လက်ရှိအချိန်တွင် ရုရှားနိုင်ငံ၌ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ဘေးအန္တရာယ်ထောက်လှမ်းရေးနှင့် ကြိုတင်ခန့်မှန်းရေးစနစ်သုံးရပ် တပ်ဆင်တီထွင်ထားပြီးဖြစ်သည်။

ကမ္ဘာသို့ ဝင်တိုက်လာနိုင်သည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားများ အန္တရာယ်သည် နိုင်ငံတစ်နိုင်ငံအတွက်သာ မဟုတ်ဘဲ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ဘေးဖြစ်သဖြင့် နိုင်ငံတိုင်းက ယင်းအရေးအတွက် လုံ့လပြုကြရန် ပိုပိုဗီကင်က ဆော်ဩလိုက်သည်။

ပြောကြား

"နိုင်ငံတစ်နိုင်ငံချင်းအလိုက် ပူးပေါင်းပြီး အတူလက်တွဲဆောင်ရွက်မှသာ ဂြိုဟ်သိမ်ဂြိုဟ်မွှားတွေရဲ့ ဘေးမှ ကမ္ဘာသူ၊ ကမ္ဘာသားများကို ကာကွယ်နိုင်မှာဖြစ်ပါတယ်" ဟု ပိုပိုဗီကင်က ပြောကြားသည်။

မောင်သံဆင့်-ရေးသားသည်

နိုင်ငံတကာသတင်း

မူရှာရက်(ဖ်) အား ဘူတိုသတ်မှုဖြင့် ဖမ်းဆီး

ပါကစ္စတန်သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်(ဖ်)အား ယခင်ဝန်ကြီးချုပ်ဟောင်း ဘေနာဇီယာဘူတိုအား လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သည့် စွဲချက်ဖြင့် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း အစိုးရရှေ့နေများက ပြောကြားသည်။ "ဒီကနေ့ အက်(ဖ်)အိုင်အေ(ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးအေဂျင်စီ)က ဗိုလ်ချုပ်ကြီးဟောင်း မူရှာရက်(ဖ်)ကို ဘေနာဇီယာဘူတိုကိစ္စနဲ့ပတ်သက်ပြီး ဖမ်းဆီးလိုက်ပါပြီ"ဟု အေအက်ဖ်ပီသတင်းဌာနက အစိုးရရှေ့နေ ချောင်ဒရီအဇာ၏ ပြောကြားချက်ကို ကိုးကားလျက်ဖော်ပြသည်။ မူရှာရက်(ဖ်)အား ၂၀၀၇ ခုနှစ်က တရားသူကြီးများ ဆန္ဒပြမှုတွင်ဖြိုခွင်းခဲ့စဉ် တရားသူကြီးများ နုတ်ထွက်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းအပေါ် နှစ်ပတ်ကြာနေအိမ်အကျယ်ချုပ် ဖမ်းဆီးထားသည်။ အစ္စလာမ္မာဘတ်မြို့စွန် နေအိမ်၌ ဆက်လက်၍ အကျယ်ချုပ်အဖြစ် ဖမ်းဆီးထားမည်ဟု ဆိုသည်။ ၎င်းအား အစ္စလာမ္မာဘတ်မြို့အနီး ရာဝါပင်ဒီမြို့ အကြမ်းဖက်မှုတိုက်ဖျက်ရေးတရားရုံး၌ ရုံးထုတ်စစ်ဆေးရန် စီစဉ်ထားသည်။ ဝန်ကြီးချုပ်ဟောင်း ဘူတိုသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလက ရွေးကောက်ပွဲဝင်ရန်စည်းရုံးလှုံ့ဆော်ရာ ဝါပင်ဒီမြို့၌ သေနတ်သမားများ၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်။

. . . .

ဖရန့်ဂျိုးဇက်၏ ဆံပင် လေလံတင်ရောင်း

ဩစတြီးယား- ဟန်ဂေရီနှင့်ယှဉ်တွဲ ဧကရာဇ်ဘုရင် ဖရန့်ဂျိုးဇက်၏ သော့ခတ်သိမ်းဆည်းထားသည့် ဆံချည်မျှင်များကို ခန့်မှန်းသည်ထက် အဆ ၂၀ပို၍ ယူရို ၁၃၇၂၀ဖြင့် ဗီယင်နာတွင် လေလံတင်ရောင်းချလိုက်သည်။ ဖရန့်ဂျိုးဇက်သည် ၁၈၄၈ ခုနှစ်မှ ၁၉၁၆ ခုနှစ်အထိ ဩစတြီးယားနိုင်ငံကို အုပ်ချုပ်ခဲ့သူဖြစ်ပြီး ဥရောပတွင် သက်တမ်းအရှည်ဆုံး အုပ်ချုပ်ခဲ့သည့် ဧကရာဇ်ဖြစ်သည်။ ဗီယင်နာ လေလံတင်ရောင်းချရေးရုံးက ဖရန့်ဂျိုးဇက်၏ စီးကရက်ဘူးနှင့် ၎င်း၏သားအိမ်ရှေ့မင်းသား ရုဒ်ဒေါ့(ဖ်)ပိုင်ဆိုင်သော လက်ကိုင်ပဝါတစ်ထည်တို့ကိုလည်း လေလံတင်ရောင်းချခဲ့သည်ဟု ဆိုသည်။

. . . .

တိုက်တန်းနစ်သင်္ဘောပုံတူတည်ဆောက်သူ ဝန်ကြီးချုပ်ဖြစ်လိုပြန်

ဩစတြေးလျဘီလီယံနာသူဌေးကြီး ကလစ်ပါးမားဆိုသူသည် ဝန်ကြီးချုပ်ရာထူးယှဉ်ပြိုင်လို၍ နိုင်ငံရေးပါတီထူထောင်လိုက်ပြီဖြစ်ကြောင်း ၎င်းက ကြေညာလိုက်သည်။ ၎င်းအနေဖြင့် တိုက်တန်းနစ်သင်္ဘော ပုံတူတည်ဆောက်နေကြောင်း၊ ယူနိုက်တက်ဩစတြေးလျပါတီကိုလည်း ထူထောင်မည်ဖြစ်ကြောင်း သတ္တုတွင်းလုပ်ငန်းပိုင်သူဌေးကြီး ပါးမားက ဆိုသည်။ ၎င်းသည် စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် အောက်လွှတ်တော်အမတ် ၁၅၀ နေရာအားလုံးတွင် ယှဉ်ပြိုင်သွားမည်ဟု ဆိုသည်။ မစ္စတာပါးမားသည် အတိုက်အခံ လစ်ဘရယ်အမျိုးသားညွန့်ပေါင်းပါတီကို ထောက်ခံသူဖြစ်ပြီး ကွင်းစလန်းပြည်နယ် ဖဲဖတ်စ်အမတ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဆိုသည်။ လက်ရှိတွင် ၎င်း၏ ပါတီသည် ရွေးကောက်ပွဲဝင်ရန် အမည်စာရင်းတင်သွင်းထားဆဲဖြစ်ပြီး မကြာမီထုတ်ပြန်ကြေညာလိမ့်မည်ဟု ဆိုသည်။

. . . .

အိန္ဒိယတွင် ကလေးငယ်နှစ်ဦး အဓမ္မပြုကျင့်ခံရ

အိန္ဒိယနိုင်ငံတွင် ခြောက်နှစ်အရွယ်ကျောင်းသူလေးနှစ်ဦးအား အဓမ္မပြုကျင့်မှုဖြစ်ပွားကြောင်း ပရက်စ်တီဗွီတွင် ဧပြီ ၂၅ ရက်က သတင်းဖော်ပြသည်။ အဓမ္မပြုကျင့်ခံရသူ ကလေးနှစ်ဦးတွင် တစ်ဦးသည် အဓမ္မပြုကျင့်ခံရပြီး နောက် လည်ပင်းညှစ်သတ်ခံရသဖြင့် သေဆုံးကြောင်း သိရသည်။ အဓမ္မပြုကျင့်သတ်ဖြတ်ခံရသူ ကလေးငယ်၏ရုပ်အလောင်းကို ဂျီဟာခန်းပြည်နယ် ရန်ချီခရိုင်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် တွေ့ရှိသည်။ နောက်ကလေးငယ်မှာ နယူးဒေလီမြို့အတွင်း အဓမ္မပြုကျင့်ခံခဲ့ရခြင်းဖြစ်သည်။

မြင့်မောင်စိုး-ရေးသားသည်

ဆောင်းပါး

မြစ်သလ္လာတွင်း အလင်းမြစ်တစ်စင်း ပေါင်းဆုံစီးဝင် 'ရွှေ'ခရီးစဉ်

ဒေါက်တာနီလာသိန်း
(လင်းကျောင်းသစ်)

ယမန်နေ့မှအဆက်

၅။ထူးခြားအောင်မြင် ရွှေခရီးစဉ်

ဒီလိုနဲ့ ၁၁-၃-၂၀၁၃ ရက်နေ့ စတုတ္ထနေ့ကိုရောက်တော့ လူနာတွေက အရမ်းများလာတာမို့ ပြင်ပလူနာဌာနမှာ ဆရာဝန်တွေက စားပွဲမှာအကျအန တိုင်ပြီး ကြည့်နေလို့ မရတော့ပါဘူး။ အဲ့ဒီနေ့မှာပဲ ခန္တီးမြို့က ဆေးရုံအုပ်ကြီး ဒေါက်တာဇေယျရဲ့စီစဉ်မှုနဲ့ ဆရာမကြီး ဒေါ်သီတာဦးဆောင်ပြီး လူနာ ၆၄ ဦး ရောက်ရှိလာတာကြောင့် ချက်ချင်းဦးစားပေး ကြည့်ရှုကုသပေးခဲ့ပြီး အတွင်းတိမ် လူနာ ၁၇ ဦးကို နေ့ချင်းခွဲစိတ်ပေးခဲ့ပါတယ်။ ဒါနဲ့ပဲ ဒေါက်တာဦးမိုးကျော်၊ ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာနိုင်လင်းတို့ကို ခုတင်လေးခုတင်မှာ ခွဲစိတ်စေပြီး ကျွန်မတို့သုံးယောက်က OPD လူနာဖြုံဖို့ တာဝန်ခွဲလိုက်ကြပါတယ်။ လူနာတွေအားလုံးကို မဏ္ဍပ်သုံးခုထဲမှာ အသက်အလိုက် အုပ်စုသုံးစုခွဲလိုက်ပါတယ်။ ဒေါက်တာဥမ္မာရီက အသက် ၅၀ မှ ၆၀ ကျော်အရွယ်တွေကို ကြည့်ပေးရမှာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ကျွန်မက အသက် ၃၀ မှ ၅၀ ကြားအုပ်စု၊ ဒေါက်တာ အေးသီတာက အသက် ၃၀ အောက်အုပ်စုဆိုပြီးတော့ ပြိုင်တူကြည့်လိုက်ကြပါတယ်။ အသက် ၅၀အထက် လူကြီးတွေထဲမှာ အတွင်းတိမ်အများဆုံးတွေ့ရတာမို့ အမှန်တကယ် ခွဲရမယ့်လူနာတွေ ကျန်ရစ်ခဲ့တာ လွတ်သွားတာမျိုးမရှိနိုင်တော့ဘူးပေါ့။ အတွင်းတိမ်ဖြူဖြူဖွေးဖွေးလေးတွေ့တာနဲ့ ချက်ချင်းပဲ အဲဒီမျက်စိဘက်ကို ပလာစတာကပ် အမှတ်အသားလုပ်ပြီး ကြက်ခြေနီ၊ မီးသတ်၊ ပရဟိတလုငယ်တွေရဲ့ အကူအညီတွေနဲ့ မျက်ဟင်းမန်ပါဝါတိုင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချိုစစ်ဆေးခြင်းနဲ့ 4 Panel ခေါ်တဲ့ ရောဂါပိုးလေးမျိုးရှိမရှိ စစ်ခြင်းထွေကို ချက်ချင်းလုပ်ဆောင်ပေးပါတယ်။ ဒီဟုမ္မလင်းခရီးစဉ်ရဲ့ ထူးခြားချက်ကတော့ ခွဲမယ့်လူနာတွေအားလုံးအတွက် ဘီပိုး၊ စီပိုး၊ HIV ပိုးနဲ့ ဆစ်ဖလစ်ပိုးတွေ ရှိမရှိစစ်ဆေးတဲ့ ပစ္စည်းအပြည့်အစုံ ယူလာခဲ့တာကြောင့် ခွဲစိတ်ပေးတဲ့ ဆရာဝန်၊ ဆရာမနဲ့ လူနာအားလုံးအတွက် အလွန်အကျိုးကျေးဇူး ရှိခဲ့ရပါတယ်။ စစ်ဆေးတဲ့လူနာ ၅၃၃ ဦးရှိခဲ့ပြီး ကျွန်မတို့မပြန်ခင် နောက်ဆုံးနေ့မှာ ရောဂါပိုးရှိတဲ့ အတွင်းတိမ်လူနာတွေကို သီးသန့်ခွဲစိတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် အချိန်ရယ်၊ ဆရာဝန် ဆရာမအင်အားရယ် လူနာအရေအတွက်ရယ်က မမျှတတာကြောင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းတွေကိုတော့ ပြုလုပ်မပေးနိုင်ခဲ့ပါဘူး။

ဒီကြားထဲ မျက်မွေးစူး လူနာတွေက များပြားလွန်းတော့ သိပ်ဆိုးလွန်းတဲ့ လူနာ ၃၆ဦးကိုပဲ ရွေးထုတ်ပြီး ခွဲပေးခဲ့ရပါတယ်။ လူနာတော်တော်များများဟာ သူတို့ဘာသာ မျက်တောင်မွေးတွေ နုတ်တားလို့ မျက်ခွံ၊ မျက်ခမ်းတွေ ပြောင်ချောနေတာကြောင့် မျက်စဉ်းပေးခဲ့ရတဲ့ လူနာတွေလည်း ရှိပါတယ်။ လာပြကြတဲ့လူနာ ၃၀၀၀ ကျော်တဲ့မှာ ၁၀၀၀ယောက်က မျက်တောင်ပုတ်ခတ်ပုတ်ခတ် အလင်းရောင်မကြည့်နိုင်၊ မျက်ဝတ်တွေ တူလပျစ်နဲ့ မျက်ကြည်လွှာအနာရွတ်ဖြစ်နေတဲ့ လူနာတွေ များလှတာကို တွေ့ရပါတယ်။ ဒါကြောင့် အတိတ်တစ်ချိန်က မျက်ခမ်းစပ်ဝေဒနာခံစားခဲ့ဖူးတဲ့ လူနာတွေလို့ မှတ်ယူရမှာပါ။ တကယ်တော့ မျက်ခမ်းစပ်ဆိုတာ နေပူဖုန်ထူ မိုးခေါင်ရေရှား အပူပိုင်းဒေသတွေမှာ အဖြစ်များတယ်လို့ သိထားခဲ့ပေမယ့် အခုဟုမ္မလင်းမြို့ရောက်တော့ ဒီလိုပုံစံအနေအထားတွေ တွေ့ရတဲ့အခါ တအံ့တဩနဲ့ ဘယ်လိုဆက်လုပ်ရမလဲဆိုတဲ့အတွေးက ဝင်လာခဲ့ပါတယ်။ ကျွန်မတို့ ဟုမ္မလင်းကို သွားရမယ်ဆိုတော့ "ဟိုမှာ အရမ်းအေးတယ်၊ အနွေးထည်များများယူသွား"လို့ မှာကြပါတယ်။ တကယ်ရောက်တော့ ညနဲ့နံနက် စောစောမှာပဲ အေးပြီး မတ်လရဲ့ နေ့လယ်ခင်းက အညာနွေလို ပူပြင်းလှပါထယ်။ ဖုန်တွေကလည်းထူ ရေကလည်း ချင်းတွင်းမြစ်ထဲကို ဥရုမြစ်ဝင်တဲ့ မြစ်ဆုံနေရာမှာ နောက်ကျိနေတာမြင်ခဲ့ရတော့ အဘက်ဘက်က စဉ်းစားစရာ ဖြစ်နေပါတယ်။

အဲဒီလို မျက်မွေးစူးလူနာတွေ အများကြီးတွေ့လိုက်ရတဲ့အခါ ကျွန်မတို့ ရင်တွေပူလောင်လာပါတယ်။ မဏ္ဍပ်ထဲမှာရှိတဲ့ လူနာတွေထဲက ကလေးငယ်တွေကို ကူးစက်မျက်ခမ်းစပ်ရောဂါရှိ/မရှိ သေသေချာချာကြည့်နေရင်းနဲ့ ကျွန်မဦးနှောက်ထဲမှာ လက်ခနအကြံတစ်ခုပေါ်လာတာကြောင့် မြို့မမြို့ဖဖြစ်တဲ့ ဦးအောင်ကျော်နဲ့ ရွှေပါရမီဖောင်ဒေးရှင်းမှ ဦးစိုးနိုင်တို့နဲ့ တိုင်ပင်ပြီး ဟုမ္မလင်းတစ်မြို့လုံးမှာရှိတဲ့ ငါးနှစ်အောက်ကလေးတွေကို စစည်းစေလိုက်ပါတယ်။ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် မူကြိုကျောင်းသုံးကျောင်းက ကလေး ၉၂ဦးကိုပဲ တစ်နာရီအတွင်းမှာ စုစည်းခေါ်ဆောင်လာနိုင်ခဲ့ပါတယ်။ ကလေးတွေကို ချောကလက်တွေ၊ ချိုချဉ်တွေဝေလိုက် သူတို့မျက်စိလေးတွေကို ဖြဲကြည့်လိုက်နဲ့ဆိုတော့ ဖြူစင်အပြစ်ကင်း ချစ်စရာကောင်းလှတဲ့ ကလေးငယ်လေးတွေဟာ အတူးတဆန်းဖြစ်ပြီး ခုန်ပေါက် ပျော်ရွှင်နေကြပါတယ်။ ကလေး ၉၂ ဦးတဲ့မှာ ၁၀ ဦးကမျက်ခမ်းစပ် အစပျိုးနေပြီး တစ်ဦးကတော့ ကူးစက်မျက်ခမ်းစပ်ရောဂါဖြစ်နေတာကိုတွေ့ရတာနဲ့ ကုသမှုတွေအမြန်ပေးခဲ့ရပါတယ်။ နေ့စဉ်မျက်နှာသစ်ဖို့၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဖို့ မိဘတွေနဲ့ဆရာမတွေကို သေချာပြောပြခဲ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ ဆေးရုံဝင်း တစ်ခုလုံးမှာ မဏ္ဍပ်တွေအသီးသီးခွဲပြီး အတွေ့တွေ့သမားတော်ကြီး ဒေါက်တာခင်မေအုန်း ဦးဆောင်တဲ့အဖွဲ့၊ နား၊ နှာခေါင်း အထူးကုဆရာဝန်ကြီးဒေါက်တာ မျိုးမင်း၊ ဒေါက်တာခင်မောင်တင် ဦးဆောင်တဲ့အဖွဲ့၊ အရေပြားဆရာဝန်ကြီး ဒေါက်တာကျော်လှိုင်၊ သွားဆရာဝန် ဒေါက်တာညီညီနဲ့ မြို့ခံ အထူးကုဆရာဝန်ကြီးတွေအားလုံးဟာ လူနာပေါင်းများစွာကို လက်မလည်အောင် ကုသမှုတွေပေးနေခဲ့ကြပါတယ်။ လည်ပင်းကြီးရောဂါဝေဒနာရှင်တွေကိုလည်း များစွာတွေ့ရှိခဲ့ရပြီး ခွဲစိတ်ဖို့လိုတဲ့နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင်တွေကို ဧည့်သည်တော်မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်အေးသစ်နဲ့ ဟုမ္မလင်းမြို့ခံ မေ့ဆေးဆရာဝန် ဒေါက်တာ ဇော်ဝင်းထွန်းတို့အကူအညီနဲ့ အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့ကြပါတယ်။ အသက် ၁၂ နှစ်အောက် မွေးရာပါမျက်စိအတွင်းတိမ် ကလေးနှစ်ဦးကိုလည်း မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းထွန်းရဲ့ အကူအညီနဲ့အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ ဘယ်ခရီးစဉ်ပဲဖြစ်ဖြစ် လူနာတွေကို ပြန်လွှတ်ရတာ၊ နောက်တစ်ခေါက်မှ ကြည့်ပေးမယ် ခွဲပေးမယ်လို့ နှစ်သိမ့်ပေးခဲ့ရတာတွေ ရှိခဲ့ပေမယ့် ဒီခရီးစဉ်မှာတော့ဖြင့် လာပြသရွေ့ လူနာအားလုံးက် ကြည့်ရှုပေးနိုင်ခဲ့သလို ရွေးချယ်တားတဲ့ အတွင်းတိမ်လူနာမှန်သမျှကို ခွဲစိတ်ပေးနိုင်ခဲ့လို့ မြို့မိမြို့ဖတွေအားလုံး ကျေနပ်အားရနေခဲ့ပါတယ်။ ဒါကြောင့်လည်း ထူးခြားအောင်မြင်တဲ့ ခရီးစဉ်ကြီးရယ်လို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောမိခဲ့ခြင်းဖြစ်ပါတယ်။

၆။ မြို့ဟုမ္မလင်း မြစ်ချင်းတွင်း၏ ရှုခင်းပန်းချီ စာမဓိ

၁၂-၃-၂၀၁၃ ရက်နေ့ရဲ့ နံနက် ၈ နာရီမှာတော့ တစ်ခါမှမစီးဖူးတဲ့ 'အောင်ဝေခန္တီး' အမြန်ယာဉ်သင်္ဘောကြီး(သုတ်အခေါ် ရော်တယ်)ကိုစီးပြီး ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မောင်းနှင်လာတဲ့အခါ ဘေးဘိဝဲယာရှုခင်းအ ဖုံဖုံက ကျွန်မတို့ကို ဖမ်းစားတားခဲ့ပါတယ်။ သင်္ဘောပေါ်မှာ ဦးအောင်ကျော်၊ (ကျော်လက်စတိုး)၊ အစ်မ ဒေါ်ကြေ၊ ဆရာမဒေါ်သီတာတို့က ဖြတ်သန်းလာခဲ့တဲ့ ရွာစဉ်တွေကို ညွှန်ပြရင်း စကားတွေဖောင်ဖွဲ့လာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ဆရာဦးမိုးကျော်ရောက်လာပြီး 'ဆရာမတို့ရေ အမှန်အကန်မြို့နဲ့ တင်စားတဲ့ မြို့ကို မြောပါဆိုရင် ဘယ်လိုဖြေမလဲ'လို့ ရုတ်တရက်မေးတော့ ကျွန်မတို့လည်း မဖြေတတ်တာနဲ့ ငြိမ်နေမိတယ်။ ဆရာက ဆက်ပြောပြပါတယ်။ 'ဥပမာ- မန္တလေးကို ရွှေမန္တလေး၊ ရန်ကုန်ဆိုရင် မြို့ရွှေရန်ကုန်၊ ရွှေမြို့တော် စသည်ဖြင့် တင်စားကြတယ်မို့လား။ အဲဒီမြို့တွေက တကယ်ရွှေမထွက်ဘူးဆိုတော့ တင်စားတဲ့မြို့ပေါ့၊ ဟုမ္မလင်းမြို့ကတော့ အမှန်အကန် ရွှေထွက်တဲ့မြို့ဖြစ်လို့ ရွှေဟုမ္မလင်းလို့ ဆိုလိုက်ရင် တကယ်ကိုအမှန်အကန်မြို့ပါပဲ' ဆိုမှ ကျွန်မတို့လည်း ဟုတ်သားပဲလို့ပြောပြီး ဝိုင်းရယ်လိုက်မိကြတယ်။ ဒီတော့ ဦးအောင်ကျော်ကလည်း အားကျမခံမြန်ပြောတယ်။ 'ဆရာမရေ အမိဧရာဝတီကိုပဲ အရေးထားပြီးပြောနေကြတယ်။ အဖချင်းတွင်းကိုလည်း မေ့မတားပါနဲ့လို့ ကျွန်တော်က ချင်းတွင်းကိုယ်စား ပြောချင်တယ်။ အမိဧရာဝတီဆိုတာလည်း အဖချင်းတွင်းမရှိရင် ရပ်တည်လို့မရနိုင်ပါဘူး'ဆိုပြီး ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှာ အိမ်ခြေတစ်ရာကျော်ရှိတဲ့ ရွာပေါင်း တစ်ရာလောက်ရှိတဲ့အကြောင်းနဲ့ အဲဒီရွာလေးတွေက ချင်းတွင်းမြစ်ကြီးကိုအမှီပြုပြီး အသက်ရှင်ရပ်တည်နေရတာမို့ 'မနီးပါစေနဲ့ တမံသီကျားရယ်' ဆိုတဲ့ ဆောင်းပါးတကလို ဆုတောင်းရမလို ဖြစ်နေတယ်လို့ပြောပြီး တမံသီရေအားလျှပ်စစ်စီမံကိန်းအကြောင်းကိုပါ ဗဟုသုတဖြစ်ဖွယ်ပြောတာတွေကို နားတောင်ရင်းနဲ့ပဲ သင်္ဘောကြီးက ရွာစဉ်တွေကို ဖြတ်ကျော်လာခဲ့ပါတယ်။

မန်မော်၊ နားသဲ၊ ပါမလုံ၊ နားနီး၊ တာပတောင်းနဲ့ လက်ဖက်မြောက် နာမည်ကြီးတဲ့ ခေါင်ခမ်းရွာတို့ကို ဖြတ်လာခဲ့ပြီး မာလာတိန်းကင်းရွာဘက်ကို ရောက်လာခဲ့ပါတယ်။ မာလာထိန်းကင်းရောက်တော့ သစ်ပုံကြီးတွေကို ဟည်းနေအောင် မြင်ရတဲ့အခါ ရွှေတင်မက သစ်ပါထွက်တဲ့အရပ်ပါလားလို့ ပြိုင်တူဝိုင်းအော်လိုက်မိတော့ 'ဆင်မနိုင် ကိုင်းဖျားကိုင်းနား ကျန်ခဲ့တာများလား'လို့ သူတို့ အချင်းချင်းသာ နားလည်တဲ့စကားတွေပြောပြီး ရယ်နေကြတာကြောင့် ကျွန်မတို့လည်း နားမလည်ပါးမလည် ရောယောင်ရယ်လိုက်ကြပါတယ်။ ရေတဲ့မှာ ကျွန်းတုံးကြီးတွေထားပြီး အပေါ်ကနေ ဝါးတွေနဲ့ဖောင်ဖွဲ့လို့ မုံရွာဘက်ကို စုန်ဆင်းဖို့ စီစဉ်နေကြတာကို တအံ့တဩတွေ့မြင်ခဲ့ရပါတယ်။ အဲဒီနောက်မှာ ကောယားရွာ၊ ဖားဖုတ်(ဖာပုတ်)ရွာ၊ မောင်းခမ်းရွာတွေကို ဖြတ်လာခဲ့ကြပါတယ်။ ဖားဖုတ်ရွာမှာရှိတဲ့ နာဂအကြီးအကဲတစ်ယောက်ရဲ့ နာဂရိုးရာအိမ်ကို လေ့လာခဲ့ကြပြီး နာဂရိုးရာဝတ်စုံတွေဝတ်လို့ အမှတ်တရ ဓာတ်ပုံတွေရိုက်ခဲ့ကြပါတယ်။ အဲဒီရွာရဲ့ အကြီးအကဲဖြစ်တဲ့ အဘဦးတိန်ဘက် မနေ့ကပဲ ကျွန်မတို့ အတွင်းတိမ်ခွဲစိတ်ပေးခဲ့တာမို့ သားဖြစ်သူက ကျေးဇူးတင်စကားပြောပါတယ်။ မောင်းခမ်း၊ တမံသီဘက်ရောက်တော့ ဘေးတစ်လျှောက်မှာ ရွှေကျင်နေကြတာကိုလည်း ဗဟုသုတအဖြစ် တွေ့ရှိခဲ့ကြပါတယ်။

ဟိုးညာဘက်စူးစူးမှာ စာရာမေတိတောင်တန်းကြီးကို မှိုင်းမှိုင်းပျပျ လှမ်းမြင်ရတဲ့အခါ ချင်းတွင်းရဲ့ အနောက်ဘက်ခြမ်းကိုကာရံထားတဲ့ ဟိမဝန္တာတောင်တန်းကြီးရဲ့ အစွယ်အပွားတွေဖြစ်တဲ့ နာဂတောင်တန်းကြီးရှိရာကို အတွေးနဲ့ပဲ မှန်းဆကြည်နေမိတယ်။

> **ဒီခရီးစဉ်မှာတော့ဖြင့် လာပြသရွေ့ လူနာအားလုံးကို ကြည့်ရှုပေးနိုင်ခဲ့သလို ရွေးချယ်ထားတဲ့ အတွင်းတိမ်လူနာမှန်သမျှကို ခွဲစိတ်ပေးနိုင်ခဲ့လို့ မြို့မိမြို့ဖတွေအားလုံး ကျေနပ်အားရနေခဲ့ပါတယ်။**

၇။မြို့ရွှေ ဟုမ္မလင်း ဂုဏ်သတင်း ထုံသင်းရနံ့ မွှေးလေပြီ

ဒီလိုနဲ့ဟုမ္မလင်းဆေးရုံကြီးမှာ မျက်စိဝေဒနာရှင်ပေါင်း ၃၇၄၂ဦးကို ကြည့်ရှုကုသပေးပြီး အတွင်းတိမ်လူနာ ၃၂၂ဦး၊ အသေးစားခွဲစိတ်မှု ၄၅ဦး စုစုပေါင်း ၃၆၆ဦးကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ နား၊ နှာခေါင်း၊ လည်ချောင်း လူနာ ၁၁၉၅ဦး၊ အထွေထွေ ၁၅၉၇ဦး၊ အရေပြား ၃၄၃ဦး၊ ကလေး ၂၀၄ဦး၊ သွား ၅၃၂ဦး၊ မျက်မှန် ၁၈၉၁ဦးတို့ကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်ခဲ့ကြပါတယ်။

၁၁-၃-၂၀၁၃ ရက်နေ့ရဲ့ ည ၉နာရီ ဆေးရုံရှေ့မြက်ခင်းပြင်မှာ မီးပုံပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပါတယ်။ မီးပုံကြီးကိုဆရာတော်၊ လွှတ်တော်ကိုယ်စားလှယ် ဦးအေး၊ ဦးရိန်ဝင်း၊ ဒေါက်တာဒေါ်ခင်မေအုန်းနဲ့ ကျွန်မတို့ ငါးဦးက စတင်မီးရှို့ဖွင့်လှစ်ပေးခဲ့ပြီးတဲ့နောက် အရှိန်တညီးညီး လင်းလက်တောက်ပလာတဲ့ မီးပုံကြီးကိုဝိုင်းပတ်ပြီး အားလုံးတပျော်တပါး သီဆိုကခုန်လိုက်ကြတဲ့အသံတွေက ဟိုးဘဝင်ထိအောင် ညံလို့သွားပါတော့တယ်။ ရှမ်းရိုးရာ အဆို၊ အက၊ အတီး၊ အမှတ်တွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပလိုက်တဲ့ ကျွန်မတို့ရဲ့ ရွှေခရီးစဉ်ကြီးဟာဖြင့် ခြိမ့်သဲအောင်မြင်ခဲ့ရပါပြီ။ အဲဒီအချိန်မှာ ကမ္ဘာမြေပြင်ကို တုန်ဟည်းပြီးထွက်ပေါ်လာခဲ့တဲ့ အခမ်းအနားမှူးရဲ့ အောင်မြင်ဝံ့ကြွားတဲ့ အသံကတော့ဖြင့် "မြို့ရွှေဟုမ္မလင်း ဂုဏ်သတင်း ထုံသင်းရနံ့ မွှေးလေပြီ"ပါတဲ့။

ကျွန်မတို့ ရင်တဲမှာလည်း ပီတိလှိုင်းတွေ တသိမ့်သိမ့်နဲ့ပေါ့။ ဒီဒေသမှာရှိတဲ့ တိုင်းရင်းသားမြည်သူတွေရဲ့ ခါးသီးစွာရုန်းကန်နေရတဲ့ဘဝတွေ၊ အဲဒီဘဝလေးထဲမှာပဲ တင်းတိမ်ရောင့်ရဲ ပျော်ရွှင်နေကြတဲ့ ရိုးသားဖြူစင်တဲ့ အလှတွေကို ကြည့်တတ်မြင်တတ်ခဲ့ရပါပြီ။ ချင်းတွင်းမြစ်ရေ တသွင်သွင် စီးဆင်းနေသလိုပါပဲ၊ ရှမ်း၊ ဗမာ၊ နာဂ၊ ချင်းတို့ရဲ့အကြား သံယောဇဉ်နဲ့ မြည်ထောင်စုစိတ်ဓာတ်ရဲ့ အမြုတေထွေက တာဝရရှင်သန်နေတော့မှာ အမှန်ပါပဲ။

၈။အလင်းကြွေတို့ နေတဲ့အရပ်

မီးပုံပွဲမှာ 'ရှမ်းတို့ရဲ့ အသည်းနှလုံး'၊ ရှမ်းပျိုငယ်လေးတို့ရဲ့အလှ' ဆိုတဲ့ ရှမ်းတေးသီချင်းလေးနဲ့သီဆိုဖျော်ဖြေကပြကြတော့ ငါးရက်တာပင်ပန်းခဲ့ရတဲ့ ရင်ထဲကအမောတွေအားလုံး ပြေပျောက်သွားခဲ့ရပါပြီ။ ရှမ်းတိုင်းရင်းသူ အစ်မကြွေနဲ့ အပြန်အလှန်နှုတ်ဆက်စကားတွေဆိုကြရင်း စကားတွေစပ်မိတော့မှ အစ်မကြွေက အခုလိုမျက်စိခွဲစိတ်ခရီးစဉ်တွေမှာ နှစ်ကြိမ်တိတိ အလှူရှင်လုပ်ခဲ့ဖူးသူ၊ ဧည့်ခံကျွေးမွေးစီစဉ်ပေးမှုတို့က သူမအတွက်မစိမ်း၊ ရင်းနှီးဖော်ရွေတဲ့အပြုံးပိုင်ရှင် အမကြွေထံမှရရှိခဲ့တဲ့ စာတစ်စောင်ကဖြင့် ကျွန်မရင်ကို လှိုင်းတစေခဲ့ရပါတယ်။ လေရှီးမြို့နယ် ဖွန်သရက်ကျေးရွာမှ နာဂလူမျိုး အဘဦးသော်ဆင်းရဲ့ လက်ရေးစာမူတစ်စောင်မှ ကဗျာတစ်ပုဒ်က ကာရန်မညီ စာမညီပေမယ့် ကျွန်မရဲ့ နှလုံးခုန်နှုန်းကိုတော့ မြန်စေလှုပ်ခတ်စေခဲ့ရပါပြီ။ ကဗျာလေးက. . . . .

'ကရုဏာရှင် အလင်းကြွေ'

ချစ်ခြင်းမေတ္တာ ပေါက်ကွဲပြည့်လျှံ
အမှောင်ထဲမှာလမ်းပြ အလင်းတံတားကိုခင်း
အတိတ်က အားပြုခဲ့ရတဲ့ တုတ်ကောက်တွေကိုရိုက်ချိုး
အလင်းတုတ်ချောင်းတွေနဲ့ အစားထိုး
အမှောင်ကိုခွင်းလို့ အလင်းကိုဆောင်
နေ လ ကြယ်စင် ကမ္ဘာဦးလူသားမြင်သလို
ဘဝသစ်တွေနဲ့ နေဝင်ချိန်ခရီးကိုရှေ့ဆက်
မြန်ပြည်တစ်ပန်းမှာဖြင့် ကရုဏာရှင်အလင်းကြွေတွေ
ထာဝရ လင်းလက် ပေါ်ထွန်းနိုင်ပါစေ…တဲ့

သူ့ရင်တဲက စကားလုံးတွေက ဘယ်လောက်အထိ ခံစားချက်ပြင်းပါသလဲ။ ဒီတော့လည်း အဲဒီအလင်းကြွေတို့နေတဲ့အရပ်ရှိရာဆီ ကျွန်မတို့ ရောက်ခဲ့ရပြီလေ။ အဘ ဦးသော်ဆင်း ဆုတောင်းသလို ကရုဏာရင် အလင်းကြွေတွေ နေရာအနှံ့၊ ကမ္ဘာအနှံ့မှာ လင်းလက်လာမယ်ဆိုရင်ဖြင့် သာယာချမ်းမြေ့တဲ့ လောကသစ်ကြီးဖြစ်ပေါ်လာမှာ မလွဲဧကန်ပါပဲလို့ ဆိုလိုက်ချင်မိတော့တယ်။

၉။နှုတ်ဆက်အပြန်မှာ 'ကျေးဇူးတန်ခါ'

ဒီတော့လည်း ဒီခရီးစဉ်ကြီး ဖြစ်မြောက်ဖို့အတွက် ကျေးဇူးတင်တိုက်သူတွေကို ကျေးဇူးတင်စကားဆိုချင်မိပါတယ်။ ပထမဦးစွာ ကျွန်မတို့ကို စေလွှတ်တာဝန်ပေးခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရွှေပါရမီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ လေယာဉ်အသွားအပြန် စင်းလုံးခရီးစဉ်အတွက် လှူဒါန်းပေးပါသော ကမ္ဘောဇဘဏ်မှ ဦးအောင်ကိုဝင်းနဲ့ ဒေါ်နန်းသန်းထွေးမိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်အေး၊ ဟုမ္မလင်း(ခရိုင်)ဆေးရုံအုပ် ဒေါက်တာမြင့်မိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံဝန်ထမ်းများ၊ မေတ္တာဖြင့်တည်းခိုခွင့်ပေးခဲ့သော ရတီဧည့်ရိပ်သာမိသားစု၊ ခရီးစဉ်တစ်ခုလုံး ဧည့်ခံကျွေးမွေးရေး တာဝန်ယူလှူဒါန်းပေးခဲ့သော ဟုမ္မလင်းမြို့မမြို့ဖများ၊ ပရဟိတအဖွဲ့များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို 'ကျေးဇူးတန်ခါ'ရယ်လို့ ကျေးဇူးစကားဆိုလိုက်ရပါတယ်။

ဒီလိုနဲ့ ၁၂-၃-၂၀၁၃ ရက်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှာ ကျွန်မတို့အားလုံး ဟုမ္မလင်းမြို့လေးကို နှုတ်ဆက်လက်ပြ ထွက်ခွာလာခဲ့ကြပါတယ်။ လယ်ကွင်းစိမ်းစိမ်းများ၊ မြစ်လက်တက်များ၊ အိမ်ခြေစုစုများနဲ့ ဟုမ္မလင်းမြို့လေးက တဖြည်းဖြည်းဝေး၍ဝေး၍အစက်အပြောက်သဖွယ် ကျန်ရစ်ခဲ့ရပါပြီ။ ရိုးသားဖြူစင်သော၊ ဘဝကို ရောင့်ရဲနိုင်လွန်းသော တိုင်းရင်းသားများအတွက် ကျွန်မတို့ရဲ့ ပညာလုပ်အားတွေနဲ့ အလင်းတွေပေးနိုင်ခဲ့ရပြီမို့ ဒုတိယဝန်ကြီးရဲ့ ပူပန်ခဲ့ရမှုများလည်း ပြေပျောက်ခဲ့ရပါပြီ။ ပင်ပန်းနေချိန်က 'နောက်တစ်ခေါက်လည်း လာခဲ့ပါဦးနော် မျှော်နေမှာ'ဟု အစ်မကြွေတို့က ဖိတ်ခေါ်စဉ် နှုတ်ဆိတ်စွာဖြင့်ဝန်ခံကတိ မပေးနိုင်ခဲ့တာကိုလည်း ရင်ထဲမှာတောင်းပန်စကား ဆိုနေမိပါတယ်။

မည်သို့ပင်ဆိုစေ ကျွန်မတို့အားလုံးရဲ့ စပေါင်းအားနဲ့အတူ အလင်းတံခွင့် မြစ်ဖျားခံခဲ့တဲ့ မြစ်လေးတစ်စင်းကဖြင့် သလ္လာဝတီမြစ်အတွင်းကို ကြည်လင်အေးမြစွာ စီးဝင်ပေါင်းဆုံသွားခဲ့ရပြီမို့ ရွှေနဲ့အတိမြီးတဲ့ မြို့ရွှေဟုမ္မလင်းရဲ့ အမှတ်တရခရီးစဉ်တစ်ခုအဖြစ်နဲ့ သမိုင်းမှာ မော်ကွန်းတင်နိုင်ခဲ့ရပြီ မဟုတ်ပါလား။

ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန် စာမေးပွဲ စာဖြေဌာနသတ်မှတ် ကြေညာခြင်း

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲများကို ယာယီရွှေ့ဆိုင်းထားရာမှ မေ ၂ ရက်မှ ၁၄ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်လည်ကျင်းပမည် ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့)မှ ကဆုန်လဆန်း ၁ ရက် (သောကြာနေ့) ၂၀၁၃ ခုနှစ် မေ ၂ ရက်မှ ၁၀ ရက်အထိ လည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်(ဗုဒ္ဓဟူးနေ့)မှ ကဆုန်လဆန်း ၅ ရက် (အင်္ဂါနေ့) ၂၀၁၃ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်အထိလည်းကောင်း အောက်ဖော်ပြပါ စာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ ကြေညာထားရာ-

ဓမ္မာစရိယစာဖြေဌာန ၅၀ တို့မှာ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်၊ ကယားပြည်နယ် လွိုင်ကော်၊ ကရင်ပြည်နယ်၊ ဘားအံ၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကသာ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ မြိတ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူး၊ တောင်ငူ၊ ပြည်၊ ကြို့ပင်ကောက်၊ မကွေးတိုင်းဒေသကြီး ရေနံချောင်း၊ မကွေး၊ ပခုက္ကူ၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ မိုးကုတ်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ကျောက်ဆည်၊ မွန်ပြည်နယ်၊ မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ ရေး၊ မုဒုံ၊ ဘီးလင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေ၊ ကျောက်ဖြူ၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်(အရှေ့ပိုင်း)၊ ရန်ကုန်(အနောက်ပိုင်း)၊ ရန်ကုန်(တောင်ပိုင်း)၊ ရန်ကုန်(မြောက်ပိုင်း)၊ ခရမ်း၊ ရှမ်းပြည်နယ် တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ ညောင်တုန်း၊ ဟင်္သာတ၊ မြောင်းမြ၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ နေပြည်တော်၊ ပျဉ်းမနားတို့ ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၃ ခုနှစ်၊ ပထမပြန်စာဖြေဌာနစာရင်း

၁။ ကချင်ဖြည်နယ်၊ စာဖြေဌာန (၇)ဌာန
မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ ဗန်းမော်၊ ဖားကန့်၊ ပူတာအို

၂။ ကယားဖြည်နယ်၊ စာဖြေဌာန(၁)ဌာန
လွိုင်ကော်

၃။ ကရင်ဖြည်နယ်၊ စာမြေဌာန(၆)ဌာန
ကြာအင်းဆိပ်ကြီး၊ ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်

၄။ ချင်းဖြည်နယ်၊ စာဖြေဌာန(၂)ဌာန
ဟားခါး၊ မင်းတပ်

၅။ တနင်္သာရီတိုင်းဒေသကြီး၊ စာဖြေဌာန(၃)ဌာန
ထားဝယ်၊ မြိတ်၊ ကော့သောင်း

၆။ စစ်ကိုင်းတိုင်းဒေသကြီး၊ စာဖြေဌာန(၂၅)ဌာန
ခင်ဦး၊ ကလေး၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချောင်းဦး၊ စစ်ကိုင်း၊ ထီးချိုင့်၊ ပင်လည်ဘူး၊ ဖောင်းပြင်၊ ဗန်းမောက်၊ ဘုတလင်၊ မုံရွာ၊ မြင်းမူ၊ မြောင်၊ ယင်းမာပင်၊ ရေဦး၊ ရွှေဘို၊ ဝက်လက်၊ ဟုမ္မလင်း၊ ဝန်းသို၊ အင်းတော်၊ မင်းကင်း၊ တမူး

၇။ ပဲခူးအရှေ့၊ စာဖြေဌာန (၁၄)ဌာန
ကဝ၊ ကျောက်တံခါး၊ ကျောက်ကြီး၊ ညောင်လေးပင်၊ တောင်ငူ၊ ထန်းတပင်၊ ဒိုက်ဦး၊ ပဲခူး၊ ဖြူး၊ ရေတာရှည်၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင်၊ အုတ်တွင်း

၈။ ပဲခူးအနောက်၊ စာဖြေဌာန(၁၄)ဌာန
ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ ပြည်၊ မိုးညို၊ မင်းလှ၊ ရွှေတောင်၊ လက်ပံတန်း၊ သာယာဝတီ၊ သဲကုန်း၊ အုတ်ဖို

၉။ မကွေးတိုင်းဒေသကြီး၊ စာဖြေဌာန(၁၇)ဌာန
ချောက်၊ ဂန့်ဂေါ၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်း၊ တောင်တွင်းကြီး၊ နတ်မောက်၊ ပခုက္ကူ၊ ပွင့်ဖြူ၊ မကွေး၊ မင်းဘူး၊ မင်းလှ၊ အောင်လံ၊ ကံမ၊ ရေစကြို၊ ရေနံချောင်း၊ သရက်

၁၀။ မန္တလေးတိုင်းဒေသကြီး၊ စာဖြေဌာန (၂၈)ဌာန
ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ စဉ့်ကိုင်၊ စဉ့်ကူး၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ ပုဂံညောင်ဦး၊ ပုသိမ်ကြီး၊ ပျော်ဘွယ်၊ မလှိုင်၊ ပြင်ဦးလွင်၊ မိုးကုတ်၊ မတ္တရာ၊ မိတ္ထီလာ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ မြင်းခြံ၊ မြစ်သား၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်၊ အမရပူရ၊ ငါန်းဇွန်၊ သပိတ်ကျင်း

၁၁။ နေပြည်တော်တိုင်းစာဖြေဌာန (၃) ဌာန
တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား

၁၂။ မွန်ပြည်နယ်၊ စာဖြေဌာန (၁၁) ဌာန
ကျိုက်ထို၊ ကျိုက်မရော၊ ချောင်းဆုံ၊ ပေါင်၊ ဘီးလင်း၊ မုဒုံ၊ မော်လမြိုင်၊ ရေး၊ သထုံ၊ သံဖြူဇရပ်၊ သိမ်ဇရပ်

၁၃။ ရခိုင်ပြည်နယ်၊ စာဖြေဌာန (၁၇) ဌာန
ကျောက်တော်၊ စစ်တွေ၊ တောင်ကုတ်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မောင်းတော၊ မာန်အောင်၊ မြေပုံ၊ ရမ်းဗြဲ၊ ရသေ့တောင်၊ သံတွဲ၊ အမ်း၊ ဂွ၊ မြောက်ဦး၊ ကျောက်ဖြူ၊ ဘူးသီးတောင်

၁၄။ ရန်ကုန်တိုင်းဒေသကြီး၊ စာဖြေဌာန (၄၂)ဌာန
ကမာရွတ်၊ ကော့မှူး၊ ကျောက်တန်း၊ ကြည့်မြင်တိုင်၊ ကွမ်းခြံကုန်း၊ ခရမ်း၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဆိတ်ကြီးခနောင်တို၊ တာမွေ၊ တောင်ဥက္ကလာ၊ တိုက်ကြီး၊ တွံတေး၊ ထန်းတပင်၊ ဒဂုံ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒလ၊ ဒေါပုံ၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ ဗဟန်း၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ မှော်ဘီ၊ ရန်ကင်း၊ ရွှေပြည်သာ၊ လမ်းမတော်၊ လှည်းကူး၊ လှိုင်၊ လှိုင်သာယာ၊ သာကေတ၊ သဃ်န်းကျွန်း၊ သန်လျင်၊ သုံးခွ၊ အလုံ၊ အင်းစိန်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း

၁၅။ ရှမ်းတောင်၊ စာဖြေဌာန (၁၂) ဌာန
ကလော၊ ဆီဆိုင်၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်းတယ၊ ပင်လုံ၊ ဖယ်ခုံ၊ မိုးနဲ၊ ရပ်စောက်၊ ရွှေညောင်၊ လွိုင်လင်၊ ဟိုပုံး

၁၆။ ရှမ်းမြောက်၊ စာဖြေဌာန (၈) ဌာန
လားရှိုး၊ တန့်ယန်း၊ နမ့်ခမ်း၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မိုးမိတ်၊ ဟိုပန်

၁၇။ ရှမ်းအရှေ့၊ စာဖြေဌာန (၂) ဌာန
ကျိုင်းတုံ၊ တာချီလိတ်

၁၈။ ဧရာဝတီတိုင်းဒေသကြီး၊ စာဖြေဌာန (၂၆) ဌာန
ကျုံပျော်၊ ကျိုက်လတ်၊ ကြံခင်း၊ ငါးသိုင်းချောင်း၊ ဇလွန်၊ ညောင်တုန်း၊ ဒေးဒရဲ၊ ဓနုဖြူ၊ ပုသိမ်၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ မြန်အောင်၊ ရေကြည်၊ လပွတ္တာ၊ လေးမျက်နှာ၊ ဝါးခယ်မ၊ သာပေါင်း၊ ဟင်္သာတ၊ အိမ်မဲ၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်၊ အင်္ဂပူ

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

နေပြည်တော် ဧပြီ ၂၆

သာသနာရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၅)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၇၅ ခုနှစ် ကဆုန်လဆန်း ၉ ရက်၊ မေ ၁၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များသည် မေ ၁၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ တစ်ပါး၊ မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယကောဝိဒတစ်ပါး၊ ဒီဃဘာဏက သုံးပါး၊ ဝိနယကောဝိဒ သုံးပါး၊ ဝိနယဓရ ၁၈ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၂ ပါး စုစုပေါင်း စာအောင်သံဃာ ၈၁ ပါး အပါအဝင် ပင့်သံဃာ ၂၇၉ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်သဖြင့် အလှူရှင်များ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်း ဖုန်း-၆၆၀၇၆၆၊ စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၄၅၇၈ နှင့် ၆၆၄၄၆၅ တို့သို့ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်းတာဝန်ပေးအပ်

နေပြည်တော် ဧပြီ ၂၆

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်းတွင် သားငါးကဏ္ဍအလိုက် မူဝါဒ(၈)ချက်၊ ရည်မှန်းချက်(၄)ချက်ဖြစ်သော အသားထုတ်လုပ်မှု ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊ သားငါးကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ၇ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊ ပျားထွက်ပစ္စည်းထုတ်လုပ်မှု တစ်နှစ် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်၊ ငါးပုစွန်ထုတ်လုပ်မှု ၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရရှိရန် ဖြစ်သည့်အတွက် လုပ်ငန်းစဉ် (၁၅) ချက် လျာထားရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူ့လွှတ်တော် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ လုပ်ငန်းစဉ်(၆)ချက် ထပ်မံဖြည့်စွက်ခဲ့သည့်အတွက် လုပ်ငန်းစဉ် (၂၁)ချက်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်းတာဝန်ပေးအပ်ခြင်း အခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဦးစီးဌာန၊ လုပ်ငန်းများအလိုက် သုံးလတစ်ကြိမ် တင်ပြဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် စီမံကိန်းရည်မှန်းချက်များကို အပြည့်အဝအောင်မြင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားလုံးက တာဝန်သိစိတ်ဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန်မှာကြားပြီး ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းတာဝန်များ အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နိကာယ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၆

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၃ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၇၅ ခုနှစ် နယုန်လဆန်း ၃ ရက်မှ နယုန်လဆန်း ၇ ရက်အထိ၊ ဇွန် ၁၁ ရက်မှ ဇွန် ၁၅ ရက်အထိ ငါးရက်တိုင်တိုင်သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသောအပ်စုအသီးသီးတွင် ပါဝင်သောပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သောက်သုံးရေသန့် လိုအပ်ချက် ကျောက်ဆည်တွင် အပြည့်အဝပေး

ကျောက်ဆည် ဧပြီ ၂၆

ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်မားသောကြောင့် ကျောက်ဆည်မြို့တွင် ရေသန့်လိုအပ်ချက်သည် ယခင်နှစ်များထက် ပိုမိုလိုအပ်သောကြောင့် လိုအပ်ချက်ပြည့်မီရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနမှ ရေပေးဝေရေးကန်များ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကျောက်ဆည်မြို့တွင် သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေကို ဇော်ဂျီရေသန့်စက်ရုံနှင့် ဇီးတောရေသန့်စက်ရုံတို့ အိမ်သွယ်ရေတိုင် ၂၁၅၅ တိုင်နှင့် အများသုံးရေကန် ၁၃ ကန်တို့ဖြင့် နေ့စဉ်ရေဂါလန် ၃၀၈၀၀၀ ပေးဝေလျက်ရှိသည့်အပြင် ဇော်ဂျီမြစ်ရေကို တိုက်ရိုက်စုပ်ယူပြီး ရေစုကန်၊ အနည်ထိုင်ကန်များမှလည်း နေ့စဉ် ရေဂါလန် ၄၈၀၀၀၀ ကိုလည်း ပေးဝေလျက်ရှိသည်။

“ဇော်ဂျီမြစ်ရေကို ရေတင်ပန့်များနဲ့ အနည်ထိုင်ကန်ကိုတင်ပြီး အနည်ထိုင်စေတယ်။ အဲဒီကမှ တစ်ဆင့် ရေစစ်ကန်ကို စီးဆင်းပြီး Slow Sand Filter နည်းစနစ်နဲ့ စစ်ပြီး ရေကြည်ကန်ကို ပို့ပါတယ်။ ရေကြည်ကန်မှာ ရောဂါပိုးမွှားများကင်းအောင် ရေတစ်လီတာကို ကလိုရင်းဆေး ၀ ဒသမ ၅ မီလီဂရမ်နှုန်း ဆေးခတ်သန့်စင်ပြီးမှ ပြည်သူတွေဆီ ဖြန့်ဝေတာပါ။ အဲဒါအပြင် မန္တလေးမြို့မှာရှိတဲ့ Public Health Laboratory ဓာတ်ခွဲခန်းမှာ တစ်လတစ်ခါ ရေအရည်အသွေးစစ်ဆေးပါတယ်။ စစ်ဆေးတွေ့ရှိချက်ကတော့ PH 7.2 to 7.6 အတွင်းရှိပြီး ဓာတုဗေဒအရ ဆိုးကျိုးဖြစ်စေတဲ့ဓာတ်များ မပါဝင်ကြောင်း တွေ့ရှိရတယ်” ဟု သန့်ရှင်းသော သောက်သုံးရေအဖြစ် ပြည်သူများသို့ ရေပေးဝေနေမှုကို ကျောက်ဆည်မြို့ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်က ရှင်းပြသည်။

ကျောက်ဆည်မြို့တွင် ဇော်ဂျီမြစ်ရေကို အမြင့်တင်ပြီး ရေပေးဝေရေးကို ၁၉၉၅ ခုနှစ်က အိမ်သွယ်ရေတိုင် ၅၂၈ တိုင်ဖြင့် စတင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပြည်သူများ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရေး ရေသန့်စက်ရုံ နှစ်ရုံတည်ထောင်ပြီး အိမ်သွယ်ရေတိုင်များ၊ အများသုံးရေကန်များဖြင့် ပြည်သူများကို ပေးဝေလျက်ရှိသည့်အပြင် နှစ်စဉ်သောက်သုံးရေသန့် လိုအပ်ချက်များ မြင့်လာသည်နှင့်အမျှ အပြည့်အဝပေးဝေနိုင်ရေး မြစ်ရေတိုက်ရိုက်စုပ်ရေတင်ပြီးပေးနေမှုများကို အနည်ထိုင်ကန်၊ ရေစစ်ကန်များဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်ပြီး ကျောက်ဆည်တစ်မြို့လုံးအား ကျန်းမာရေးနှင့်ညီညွတ်သော ရေသန့်များကို လိုအပ်ချက်နှင့်အညီ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

ထွန်းထွန်းနိုင်

ပြည်တွင်းသတင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် Electoral Stakeholders Roundtable Meeting တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ရွေးကောက်ပွဲများ ကျင်းပပြီးစီးသည့်အခါတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ ဆောင်ရွက်ချက်များကို ပြန်လည်ဆွေးနွေးညှိနှိုင်းသုံးသပ်၍ အားနည်းချက်များကို အပြေရှာခဲ့ကြပါကြောင်း၊ အတူသဖြင့်မဲစာရင်းပြုစုခြင်းကိစ္စ၊ ကြိုတင်မဲကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း မဲဆွယ်စည်းရုံးမှုကိစ္စ၊ မဲဆန္ဒရှင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုကိစ္စစသည်တို့တွင် အားနည်းချက်များ ရှိနေသေးကြောင်း၊ ထို့အပြင် နိုင်ငံရေးပါတီအသီးသီး၏ရန်ပုံငွေရှာဖွေမှု၊ စည်းရုံးရေးကို အထောက်အကူဖြစ်စေသည့် လူမှုရေးလုပ်ငန်းများတွင် ငွေကြေးသုံးစွဲနေမှုကိစ္စများတွင်လည်း မျှတအောင် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်နေသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒုတိယအကြိမ် လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပရသည့်အခါ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အဘက်ဘက်မှ အားနည်းချက်များ မရှိစေရန်နှင့် လွတ်လပ်ပြီး တရားမျှတမှုရှိစေရန် အတွက်ယခုအချိန်မှစတင်ပြီး ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၃ ခုနှစ် မတ် ၇ ရက်တွင်တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို နေပြည်တော်သို့ဖိတ်ကြား၍မဲစာရင်းကောက်ယူခြင်းနှင့် ပတ်သက်သည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ မဲစာရင်းများကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သောမဲစာရင်းများကို အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်မဲစာရင်းများကို အခြေခံပြုပြီး သန်းခေါင်စာရင်းကောက်ယူချိန်နှင့် ပေါင်းစပ်ကာ ပြည့်စုံမှန်ကန်သည် မဲစာရင်းရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတကာ၏အတွေ့အကြုံများကိုရယူပြီး မဲစာရင်းကောက်ယူမှု၊ ခေတ်မီနည်းပညာများနှင့် မဲစာရင်းများ ထိန်းသိမ်းသွားနိုင်အောင်ထည်း ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ဆက်လက်၍ ၂၀၁၃ ခုနှစ် မတ် ၂၉ ရက်တွင် မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်များ၌ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည် လူမှုအဖွဲ့အစည်းခုနစ်ဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တွေ့ဆုံပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ဖြည့်စုံမှန်ကန်သော မဲစာရင်းရရှိရေးကိစ္စကိုလည်းကောင်း၊ မဲဆန္ဒရှင်များက အရည်အချင်းရှိသော ပြည်သူ့ ကိုယ်စားလှယ်များအား မှန်မှန်ကန်ကန် ရွေးကောက် တင်မြှောက်နိုင်ရေးအတွက် ပြည်သူများသို့ အသိပညာပေးရေးကိစ္စကိုလည်းကောင်း၊ ဌာနဆိုင်ရာ လုပ်ငန်းခွင်သင်တန်းများတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်များ၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်များကို ထည်သွင်းပို့ချပေးရေးကိုလည်းကောင်း တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

အလားတူ ၂၀၁၃ခုနှစ် ဧပြီ ၈ ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိပြီးဖြစ်သည် နိုင်ငံရေးပါတီအဖွဲ့အစည်း ၅၆ ဖွဲ့နှင့် တွေ့ဆုံပြီး ဖြည့်စုံမှန်ကန်သော မဲစာရင်းကိစ္စကိုလည်းကောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းကိစ္စကို လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း မဲဆွယ်စည်းရုံးခြင်းကိစ္စကို လည်းကောင်း၊ တိုင်းရင်းသားမဲဆန္ဒရှင်များအား တိုင်းရင်းသားစာပေများဖြင့် အသိပညာပေးရေး ကိစ္စကိုလည်းကောင်း၊နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း ကိစ္စရပ်တို့ကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

ပြည်တောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး Electoral Stakeholders အားထိုးပါဝင်သော Roundtable Meeting ကို ပထမဆုံးအကြိမ် စီစဉ်ကျင်းပပြီး အကြံကောင်းဉာဏ်ကောင်းများရရှိနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ပါသောကြောင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြရန် အထူးလိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

တို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည် ဦးဝင်းကြည်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးမြင့်နိုင်၊ ဦးညွန့်တင်နှင့် ဦးဝင်းကိုတို့က မဲစာရင်းပြုစုခြင်း(Voter Registration) ခေါင်းစဉ်၊ နိုင်ငံရေးပါတီများ၏ ရန်ပုံငွေအခြေအနေ (Financing of Political Parties) ခေါင်းစဉ်၊ နိုင်ငံရေးပါတီများ၏ကျင့်ဝတ် (Code of Conduct for Political Parties) ခေါင်းစဉ်၊ မဲဆန္ဒရှင်များအား ပညာပေးခြင်း (Voter Education) ခေါင်းစဉ်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ရွေးကောက်ပွဲလေ့လာမှုဆိုင်ရာများ (Status of Observation for Civil Societies) ခေါင်းစဉ်များနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည်အချက်အလက်များ လိုက်နာဆောင်ရွက်ရမည် အချက်အလက်များနှင့် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော နည်းစနစ်များကို အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ၂၀၁၅ခုနှစ်အတွင်း၌ ကျင်းပမည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကိုလွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရန်အတွက် ဘက်ပေါင်းစုံမှ ဆွေးနွေးထင်ပြကြသည့်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး ပြောကြားကာ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ကျင်းပနိုင်ရန်အတွက် ယခုလို ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည့်အတွက် အတူးကျေးဇူးတင်ရှိပါကြောင်း၊ ဆွေးနွေးချက်များကိုလည်း မှတ်သားစုစည်းပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊နည်းဥပဒေများတွင်လည်းကောင်း၊ ညွှန်ကြားချက်များတွင်လည်းကောင်း လိုအပ်သလို ပြုပြင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ညနေ ၆ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် ဦးဝင်းကို၊ နိုင်ငံရေးပါတီ (၂၁) ပါတီတို့မှ ဥက္ကဋ္ဌများ၊ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုးဖွဲ့တို့မှ Electoral Stakeholders များ၊ နိုင်ငံတော်သမ္မတရုံးမှ ဥပဒေအကြံပေးနှင့် နိုင်ငံရေးအကြံပေးပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ UNDP၊ USAID၊ EU၊UKAID၊ Aus AID၊ Asia Foundation၊ IDEA နှင့် IFES တို့မှကိုယ်စားလှယ်များ၊ သတင်းမီဒီယာများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ဗဟိုမှစိစစ်အကဲဖြတ်နိုင်ရေးအတွက် စီစဉ်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ယခုအခါ ကဏ္ဍအလိုက်ဆုရရှိကြသည့် အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များကို စနစ်တကျစိစစ်ရွေးချယ်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပေးအပ်မည့်ဆုများမှာ မြို့ပြနှင့် ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှ အကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာဆု ငါးဆု၊ လူမှုရေးဆိုင်ရာ ဆုနှစ်ဆုနှင့် စီးပွားရေးဆိုင်ရာဆု ငါးဆုတို့ ဖြစ်သည်။

မြို့ပြနှင့်ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဆုငါးဆုမှာ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး တောင်သူလယ်သမားဆု၊ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး လုပ်ငန်းရှင်ဆု၊ မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှု အကောင်းဆုံး လုပ်ငန်းရှင်ဆုနှင့် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုတို့ ဖြစ်သည်။

အလားတူ လူမှုရေးဆိုင်ရာဆုနှစ်ဆုအဖြစ် အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆုတို့ကို ရွေးချယ်ချီးမြှင့်မည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာဆုများမှာ အကောင်းဆုံးပို့ကုန်လုပ်ငန်းရှင်ဆု၊ တန်ဖိုးမြင့်ထုတ်ကုန် အကောင်းဆုံး ထုတ်လုပ်ရောင်းချနိုင်သည် စီးပွားရေးလုပ်ငန်းရှင်ဆု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆုနှင့် ထုတ်လုပ်ရောင်းချမှု အကောင်းဆုံး အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆုတို့ဖြစ်သည်။ စုစုပေါင်းဆုအမျိုးအစား ၁၂ ဆုကို ချီးမြှင့်ပေးအပ်မည် ဖြစ်ကြောင်း သိရှိရသည်။

"ယခုလို နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရခြင်းရဲ့ရည်ရွယ်ချက်တွေက

ဆုရရှိရန် ရွေးချယ်ထင်ပြခံရသူတစ်ဦး၏ ငါးမွေးမြူရေးခြံကို

တော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွေနဲ့ ပြည်သူတို့ရဲ့ လူမှုစီးပွားတိုးတက်အောင်စွမ်းဆောင်ကြမယ့် စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ တိုးပွားပေါ်ထွန်းလာစေဖို့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးမြှင့်တင်ဖို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေဖို့ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မြို့မြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယှဉ်ပြိုင်ကြိုးစားခြင်းဖြင့် တိုးတက်ရေးကို အားပေးမြှင့်တင်ဖို့၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် တိုးတက်ဖွံ့ဖြိုးရန်အတွက် တီထွင်ကြံဆ၊ စွန့်စားစွမ်းဆောင်ကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှင့်ဖို့နဲ့ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အစိုးရအုပ်ချုပ်မှုယန္တရား ပြုပြင်ပြောင်းလဲမှုများနှင့် အတူ ပုဂ္ဂလိကကဏ္ဍမှ အထူးထိုက်ပါပြောင်းလဲတိုးတက်ရေး အားပေးဆောင်ရွက်ဖို့အတွက် ရည်ရွယ်ချီးမြှင့်ပေးမှာ ဖြစ်ပါတယ်" ဟု နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး၊ စိစစ်ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကော်မတီအနေဖြင့် ကဏ္ဍအလိုက် ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် သက်ဆိုင်ရာ ဒုတိယဝန်ကြီးများ ဦးဆောင်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပညာရှင်များပါဝင်သည့် လုပ်ငန်းကော်မတီသုံးခုကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါ လုပ်ငန်းကော်မတီများက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပဏာမရွေးချယ်ပေးပို့လာသည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ အကဲဖြတ်မှုမှန်ကန်စေရေးအတွက် သတင်းမီဒီယာများနှင့်တကွ ကွင်းဆင်းစိစစ်အကဲဖြတ်မြင်း၊ စိစစ်တွေ့ရှိချက်များအား ကော်မတီသို့ပေးပို့ခြင်းနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပ၍ အကြိမ်ကြိမ်အခါခါ စိစစ်ပြီးမှသာ သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတော်ကို အကျိုးပြုမည် နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများကို ရွေးချယ်ခဲ့မြင်း ဖြစ်ကြောင်း သိရှိရသည်။

ယင်း လုပ်ငန်းကော်မတီများအနက် ကော်မတီတစ်ရပ်ဖြစ်သည် မြို့ပြ/ကျေးရွာအဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးအဖွဲ့ငယ် အတွင်းရေးမှူးဖြစ်သူ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းကြိုင်အား တွေ့ဆုံမေးမြန်းကြည်ရာ "ကျွန်တော်တို့အဖွဲ့ငယ်အနေနဲ့ ဒေသအသီးသီးက ရွေးချယ်တင်ပြလာတဲ့ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံး တောင်သူဆုနဲ့ လုပ်ငန်းရှင်ဆု ရရှိသူတွေကို အဖွဲ့ရှစ်ဖွဲ့ ဖွဲ့စည်းပြီး အဖွဲ့

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

တိမ်အသင့်အတင့်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မူဆယ်၌ တရားမဝင်ဖမ်းဆီးရမိ ကြက်ဥများဖျက်ဆီး

မူဆယ် ဧပြီ ၂၆

ရှမ်းပြည်နယ် မူဆယ်မြို့(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ဧပြီ ၂၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်က တစ်ဖက်နိုင်ငံမှ တရားမဝင်တင်သွင်းလာသော ကြက်ဥအလုံး(၃၆၀)ပါ ၂၇ ဖာ စုစုပေါင်းအလုံးရေ ၉၇၂၀ ကို Mobile Team တာဝန်ကျဝန်ထမ်းများက စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပြီး ဧပြီ ၂၆ရက် နံနက် ၁၁နာရီတွင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဝင်းအတွင်း အဖွဲ့စုံဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အယ်လ်နိုး(iprd)

ကျပ် ၁၅၀၀ တန်ဖုန်းနှင့် နောက်ဆက်တွဲအသံတချို့

သတင်းနှင့်ဓာတ်ပုံ ကိုကြီးတင်

ဧပြီ ၂၄ရက်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဝန်းမြန်မာ့ဆက်သွယ်ရေးကရောင်းချမယ့် MECTEL အမှတ်တံဆိပ်ပါ CDMA-800 MHz Prepaid မိုဘိုင်းဖုန်းများကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များရဲ့စီစဉ်မှုနဲ့ မြို့ရွာအနှံ့ မဲနှိုက်လို့ ရောင်းချပေးနေပါပြီ။

မဲပေါက်သူများက ပျော်မဆုံးတ အန်းအန်းနဲ့ မြို့နယ်ရဲ့ သတ်မှတ်စုရပ်များမှာ မှတ်ပုံတင်လေးတွေ ကိုယ်စီကိုင်လို့ ထုတ်နေတဲ့မြင်ကွင်းက ပျော်စရာကြီးပါ။

ဖုန်းကတ်ရပြီဆိုတော့ အရေးကြီးဆုံးက "ဆင်ဖိုးထက်ချွန်းဖိုးကကြီး"တဲ့ ဟန်းဆက်က အဓိကဖြစ်လာပါပြီ။ဒီ CDMA-800 MHz က သူ့အမျိုးအစားနဲ့သူ ကိုက်ညီတဲ့ ဟန်းဆက်နဲ့သာ အသုံးပြုဆက်သွယ်လို့ရနိုင်တယ်လို့သိရပါတယ်။

နဂိုရှိပြီးသား တန်ဖိုးနည်းဖုန်းတွေရောင်းတော့မယ်လို့ အသံတွေကြားကတည်းက ဝီရိယစောစွာနဲ့ ကြိုဝယ်ထားကြတဲ့ GSM က အသုံးမတည့်တဲ့အတွက် အငိုမျက်လုံးအပြူးမျက်နှာနဲ့ပါ။

ဒီနေ့ပဲ မြို့နယ်တစ်ခုရဲ့ဖုန်းကတ်ထုတ်တဲ့နေရာမှာ လာရောက်ရောင်း ချပေးနေတဲ့သူတွေကို မေးကြည့်တော့ သူတို့ဆီမှာ ဟွာဝေး၊ ဆမ်ဆောင်း အစ ဟန်းဆက်လေးငါးမျိုးအဆင်သင့်ရှိကြောင်း၊ ဈေးမေးကြည့်တော့ ဟန်းဆက်တစ်လုံး ငွေကျပ် ၂၇၀၀၀ကနေ ငွေကျပ် ၁၂၀၀၀၀ အထိဈေးရှိပါတယ်လို့ ဆိုပါတယ်။ မြို့ထဲရောက်လို့မေးကြည့်တဲ့အခါ သူတို့ဆီမှာဒီငွေကျပ်၁၅၀၀နဲ့ သုံးလို့ရတဲ့ ဟန်းဆက်တွေက ငွေကျပ် ၃၅၀၀၀ ကနေ ငွေကျပ် ၁၅၀၀၀၀ အထိ မျိုးစုံရှိပါတယ်လို့ ပြောပါတယ်။

နောက်ငွေဖြည့်ကတ်များကိုစွ Sim Card များ မဲမနှိုက်မီ ရေ့ သုံးရက်လောက်ကတည်းက နိုင်ငံပိုင်သတင်းစာများမှာ စာမျက်နှာပြည့် ကြော်ငြာလာတာကို တွေ့ရပါတယ်။ အဲဒီ CDMA -800 MHz အတွက် ငွေဖြည့်ကတ်ကလည်း သူနဲ့ မျိုးတူ MECTEL ငွေဖြည့်ကတ် ထည့်သုံးမှသာ အဆင်ပြေမယ်အကြောင်းနဲ့ တိုင်းဒေသကြီး ပြည်နယ်အလိုက် ဝယ်လိုရမယ့် အရောင်းဆိုင်များကို ကြော်ငြာသွားပါတယ်။ အဲဒီလိုသာ သတ်မှတ်တဲ့ နေရာမှာသာဝယ်ရရင်တော့ ဒုက္ခပေါ့လို့ပြည်သူများအကြား အသံတွေထွက်လာပါတယ်။ ဒါပေမယ့် ဖုန်းကတ်မထွက်ခင် တစ်ရက်အလို ဧပြီ ၂၃ ရက်မှာပဲ အဲဒီငွေဖြည့်ကတ်တွေကို အရင်လို လမ်းဘေးအရောင်းဆိုင်တွေမှာ ဝယ်လို့ရပြီ ဆိုတဲ့ ကြော်ငြာလေးတွေ မြင်လိုက်ရတော့ တော်သေးတာပေါ့လို့ ရေရွတ်မိပါတယ်။

နောက်စိတ်မကောင်းဖွယ်ရာ သတင်းတစ်ခုက ဗိုင်းရပ်(စ်)ပိုးလိုပဲ ကပ်တွယ်ပါလာပါတယ်။ ဖုန်းကတ်ထုတ်ပြီးတာနဲ့ လက်လွှဲရောင်းချမှုသတင်းတွေ။ ယနေ့ ပေါက်ဈေးက ငွေကျပ် ၃၀၀၀၀ ဝန်းကျင်ရှိနေတယ်လို့ သတင်းစကားတစ်ခု။

မြို့ထဲ ရောက်ပြန်တော့လည်း မျက်နှာသိ ဖုန်းအပိုပစ္စည်းရောင်းတဲ့ ဆိုင်ကြီးတစ်ဆိုင်က ခရီးရောက်မဆိုက် အမောမပြေစရာ မေးခွန်းတစ်ခု အမေးခံလိုက်ရပါတယ်။ ၁၅၀၀ ဖုန်းရောင်းဖို့ ရှိသလားတဲ့၊ ငွေကျပ် ၂၅၀၀၀ ပေးမယ်တဲ့ ဘုရား. . . ဘုရားလို့ပဲ တလိုက်မိပါတော့တယ်။

ရပ်ကွက်ထဲရောက်လို့ စနည်းနာကြည့်တဲ့အခါ "ဖုန်းကတ်ကတော့ ပေါက်ပါတယ်။ ဟန်းဆက်က အနည်းဆုံးငွေကျပ် ၃၀၀၀၀လောက်တဲ့၊ နောက်ငွေဖြည့်ကတ်က ငွေကျပ် ၅၀၀၀၊ ဖုန်းကတ်က ငွေကျပ် ၁၅၀၀၊ ဓာတ်ပုံဖိုးက ငွေကျပ် ၁၀၀၀၊ ပေါင်းလိုက်ရင် ငွေကျပ် ၃၇၀၀၀ အနည်းဆုံးပဲ၊ ပြန်ရောင်းရရင်ကောင်းမလားတဲ့၊ အခုပဲ ငွေကျပ် ၃၀၀၀၀ ပေးမယ်တဲ့" ဆိုစကားကြားရတော့ ထူအလို နုတ်မလိုက်နိုင်ဆိုတဲ့ စကားကိုသာ အမှတ်ရမိပါတော့တယ်။

ပြည်တွင်းသတင်း

မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြင်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

ရန်ကုန် ဧပြီ ၂၆

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် (၂၅-၁၀-၂၀၁၁) ရက်နေ့မှ (၂၅-၄-၂၀၁၃) ရက်နေ့အထိ ၁၈လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၁၅၉၄၅၇ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၂၄၇၉၇၈ ဒသမ ၃၁ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၂၅၆၃၇၆ ဒသမ ၆၁ ကျပ်သန်း၊ စုစုပေါင်း ၅၀၄၃၅၄ ဒသမ ၉၂ ကျပ်သန်းအား ကောက်ခံရရှိပြီး ဖြစ်ပါသည်။

အဆိုပါ အကောက်ခွန် (CD) နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက်ယာဉ်အိုယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက်အတွက် ၆၈၀၄၂ စီး၊ ကားအရောင်းပြခန်းများအတွက် ၃၅၀၁၃ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြင်ပနေအလုပ်လုပ်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၂ စီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၅၀၄၂၃ စီးတို့ဖြစ်ကြောင်း သိရှိရသည်။

စံအောင်ဖြူ

...း၏ ငါးမွေးမြူရေးခြံကို တွေ့ရစဉ်။

အလိုက် ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ ဒီလို စိစစ်ပြီးတော့မှ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး တောင်သူလယ်သမားဆုနဲ့ စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်ဆု ရရှိသူတွေကို ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်" ဟု ပြန်လည်ဖြေကြားခဲ့သည်။

အမှတ်ပေးအကဲဖြတ်မှု အခြေအနေနှင့်ပတ်သက်၍လည်း ၎င်းက ရှင်းလင်းပြောကြားရာတွင် "စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံး တောင်သူလယ်သမားဆုအတွက် သတ်မှတ်ထားတဲ့ အမှတ်ပေးစည်းမျဉ်းတွေကတော့ စုစုပေါင်းစိုက်ဧက၊ အဓိကသီးနှံများစိုက်ပျိုးမှုရာခိုင်နှုန်း၊ အဓိကသီးနှံများ အမြင့်ဆုံးအထွက်နှုန်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲမှုရာခိုင်နှုန်း၊ လယ်ယာသုံးကိရိယာများ သုံးစွဲနိုင်မှု၊ သိပ္ပံနည်းကျစိုက်နည်းစနစ်လိုက်နာဆောင်ရွက်နိုင်မှု၊ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်စိုက်ပျိုးနိုင်မှု၊ စိုက်ပျိုးရေးစရိတ် ချေးငွေပြန်လည်ပေးဆပ်နိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု၊ လယ်သမားများ၏ ယုံကြည်အားထားမှု ထူးခြားစွာ ဆောင်ရွက်နိုင်မှုနဲ့ ပေါင်းစည်းလယ်ယာဆောင်ရွက်နိုင်မှုဆိုတဲ့ အချက် ၁၃ ချက်ဖြစ်ပါတယ်။ စုစုပေါင်းပေးမှတ်က အမှတ် ၁၀၀ ပါ။

"စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် သတ်မှတ်ထားတဲ့ အမှတ်ပေးစည်းမျဉ်းတွေကလည်း စုစုပေါင်း စိုက်ဧက၊ သီးနှံများစိုက်ပျိုးမှုရာခိုင်နှုန်း၊ သီးနှံများ အမြင့်ဆုံးအထွက်နှုန်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲမှုရာခိုင်နှုန်း၊ လယ်ယာသုံးကိရိယာများသုံးစွဲနိုင်မှု၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ လိုက်နာဆောင်ရွက်နိုင်မှု၊ တောင်သူများသို့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်မှု၊ တောင်သူများသို့ပညာပေးလုပ်ငန်းများဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု၊ ထူးခြားစွာဆောင်ရွက်နိုင်မှုနဲ့ ပေါင်းစည်းလယ်ယာဆောင်ရွက်နိုင်မှုဆိုတဲ့ အချက် ၁၁ ချက် ဖြစ်ပါတယ်။ စုစုပေါင်းပေးမှတ်ကလည်း ၁၀၀ပဲဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆုများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များက အကောင်းဆုံး တောင်သူများနှင့် အကောင်းဆုံးလုပ်ငန်းရှင်များအား ရွေးချယ်တင်ပြလာမှုအပေါ် ကွင်းဆင်းစိစစ်ရေးအဖွဲ့များက ဖော်ပြပါအမှတ်ပေးစည်းမျဉ်းများနှင့်အညီ ၎င်းတို့၏လယ်ယာမြေများအရောက် ကွင်းဆင်းကြည့်ရှုစိစစ်ကြပြီး စိစစ်ရွေးချယ်ရေးအဖွဲ့ငယ်က ထပ်မံစိစစ်အမှတ်ပေးကာ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများကိုရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များက အကောင်းဆုံးတောင်သူလယ်သမားဆုအတွက် ရွေးချယ်တင်ပြလာသူများမှာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်မှ ဦးညီဂေါင်၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ဦးလှရွှေ၊ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်မှ ဦးသိန်းမောင်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ဦးမြင့်သိန်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်မှ ဦးလာလ်ဝှန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်မှ ဦးချစ်သိန်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်မှ ဦးသီးရွှေ၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်မှ ဦးသိန်းမြင့်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ဦးထွန်းလှိုင်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ ဦးကျော်ဝင်း၊ မွန်ပြည်နယ် သထုံမြို့နယ်မှ ဦးယဉ်ထွေး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ဦးသန်းဝင်းချေ၊ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်မှ ဦးစံထွန်း၊ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်မှ ဦးအောင်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမအူပင်မြို့နယ်မှ ဦးနေဝင်းတို့ဖြစ်သည်။ ၎င်းတောင်သူလယ်သမားကြီးများအနက်မှ အကောင်းဆုံး တောင်သူလယ်သမားဆုရရှိသူများကို ဧပြီ ၃၀ရက်တွင် ကျင်းပမည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များက အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် ရွေးချယ်တင်ပြလာသူများမှာ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်မှ ဦးထင်လင်းပြည့်၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ဦးစင်းမောင်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ဦးအိုက်ဝင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ဖဒိုအောင်ဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်မှ ဦးတင်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်မှ ဦးသန်းစိန်၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မှ ဦးမြတ်သူ၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ ဦးစိုးထွန်းနိုင်၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ဦးမြင့်ထူး၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်မှ ဦးမောင်မောင်သက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ဦးအောင်သန်းဦး၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ဦးကျော်ဇောနှင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဦးချစ်ခိုင်တို့ဖြစ်သည်။

အလားတူ မွေးမြူရေးကဏ္ဍဆိုင်ရာဆုများ ချီးမြှင့်နိုင်ရန်အတွက်လည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများက နိုင်ငံတစ်ဝန်းကွင်းဆင်း သွားရောက်၍ စိစစ်အကဲဖြတ်ခဲ့ကြသည်။

မွေးမြူရေးကဏ္ဍတွင် မွေးမြူထုတ်လုပ်မှုအကောင်းဆုံးလူပုဂ္ဂိုလ်ဆုချီးမြှင့်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များက ရွေးချယ်တင်ပြလာသူများမှာ နေပြည်တော်ကောင်စီနယ်မြေမှ ဦးမောင်သင်၊ ကချင်ပြည်နယ်မှ ဒေါ်ထုလိန်၊ ကယားပြည်နယ်မှ ဦးလီးရယ်၊ ကရင်ပြည်နယ်မှ ဦးဝင်းနိုင်၊ ချင်းပြည်နယ်မှ ဦးရမ်ကျုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသောင်းဝေ၊ တနင်္သာရီတိုင်းဒေသကြီးမှ ဒေါက်တာမောင်နီ၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်ရွှေ၊ မကွေးတိုင်းဒေသကြီးမှ ဦးသန်းကို၊ မန္တလေးတိုင်းဒေသကြီးမှ ဦးခင်မောင်စိုး၊ မွန်ပြည်နယ်မှ ဦးကျော်ငွေ၊ရခိုင်ပြည်နယ်မှ ဦးမောင်လှဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးမြင့်စိန်၊ ရှမ်းပြည်နယ်မှ ဦးကျမော့နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးအောင်ရွှေတို့ဖြစ်သည်။

အလားတူ မွေးမြူထုတ်လုပ်မှုအကောင်းဆုံး လုပ်ငန်းရှင်ဆုချီးမြှင့်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များက ရွေးချယ်တင်ပြလာသူများမှာ နေပြည်တော်ကောင်စီနယ်မြေမှ ဦးမောင်မောင်လှိုင်၊ ကရင်ပြည်နယ်မှ ဦးဝင်းထိန်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးတင်ထွန်းဦး၊ မကွေးတိုင်းဒေသကြီးမှ ဦးသန်းထွန်း၊ မန္တလေးတိုင်းဒေသကြီးမှ ဦးခင်မောင်ဝင်း၊ မွန်ပြည်နယ်မှ ဦးတင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအုန်းခိုင်နှင့် ရှမ်းပြည်နယ်မှ ဒေါက်တာသိန်းစိန်တို့ဖြစ်ပြီး ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆုအတွက် ရွေးချယ်တင်ပြလာသူများမှာ ကချင်ပြည်နယ်မှ ဦးဝင်းမောင်၊ ကယားပြည်နယ်မှ ဦးအာဖြာဟန်၊ တနင်္သာရီတိုင်းဒေသကြီးမှ ဦးလှသန်း၊ ပဲခူးတိုင်းဒေသကြီးမှ ဦးကျော်မိုးခိုင်၊ ရခိုင်ပြည်နယ်မှ ဦးမောင်ခင်မြင့်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ဦးရွှေကြိုင်တို့ ဖြစ်သည်။

အဆိုပါ လူပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များအနက် ကဏ္ဍအလိုက် မည်သူဆုရရှိမည်ဆိုသည်ကိုလည်း ဧပြီ ၃၀ ရက်တွင် စောင့်မျှော်ကြည့်ရှုရပေဦးမည်။ **(ဆက်လက်ဖော်ပြမည်)**

ဆုရရှိရန် ရွေးချယ်တင်ပြခံရသူတစ်ဦး၏ နွားမွေးမြူရေးခြံကို တွေ့ရစဉ်။

◆ *ကျော်ဖုံးမှ*

ဖြစ်သည်။ အဆိုပါ ခြေစမ်းပွဲကို ဇွန် ၉ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဟောင်းဘောလုံးသမားများ၊ MNL တွင် ကစားနေသော နိုင်ငံခြားသားများက ပါဝင်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲကို ဧရာဝတီဖောင်ဒေးရှင်း CEA Myanmar နှင့် Park Royal ဟိုတယ်တို့က ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး ရရှိသောကွင်းဝင်ကြေးများကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပရဟိတလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ကွင်းဝင်ကြေးကိုလည်း အထူးတန်း ငွေကျပ် ၁၀၀၀နှင့် ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ကောက်ခံရန် စီစဉ်ထားပြီး စပွန်ဆာမှ ငွေကြေးများကိုလည်း လှူဒါန်းသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အတည်ပြုပြောကြားခဲ့သည်။

မြန်မာဘောလုံးပရိသတ်တွေအားပေးမှု အများဆုံးအသင်းမှ ကစားသမားများ ကမ္ဘာကျော်ဘောလုံးသမားများ လာရောက်မည်ဆိုသောကြောင့် ယင်းသတင်းမှာ စိတ်ဝင်တစားရှိခဲ့ကြသည်။ ဒင်းနစ်အာဝင်နှင့် ကလေတန်ဘာလက်မိုးတို့နှစ်ဦးသည် ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ပြီး နေ့လယ်ပိုင်းတွင်သာကေတမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ သုခရိပ်မြုံမိဘမဲ့ဂေဟာသို့သွားရောက်ကာ ကလေးငယ်များကို သွားရောက်အားပေးပြီး လှူဒါန်းမှုများပြုလုပ်ခဲ့သည်။ ညနေပိုင်းတွင် Park Royal ဟိုတယ်၌ စာနယ်ဇင်းရှင်းလင်းပွဲကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တက်ရောက်ခဲ့သည်။

အဆိုပါပွဲတွင် အင်္ဂလန်ပရီမီယာလိဂ်မှ မန်ယူကစားသမားဟောင်းများဖြစ်သည့် ဒင်းနစ်အာဝင်၊ ကလေတန်ဘာလက်မိုးတို့ တက်ရောက်ခဲ့ပြီး ၎င်းတို့က "မြန်မာနိုင်ငံကိုအခုလို လာရောက်ကစားရမှာကိုရင်ခုန်ပီတိဖြစ်မိကြောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကလည်း မြန်မာ့ဘောလုံးလောက ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ရှိကြောင်း၊ ၎င်းတို့ကလည်း မြန်မာနိုင်ငံရဲ့ ပရဟိတလုပ်ငန်းများကိုစေတနာဖြင့်ကူညီလိုသည်အပြင် မြန်မာဘောလုံးလောက တိုးတက်စေရန်လည်း အထူးစိတ်ဝင်စား၍ အခုလို လာရောက်ကစားပေးရန် ရည်ရွယ်ကြောင်း" ပြောကြားသည်။

ဒင်းနစ်အာဝင်နှင့် ကလေတန်ဘာလက်မိုးတို့က လက်ရှိ မန်ယူကစားသမားများ လက်မှတ်ထိုးထားသော ဓာတ်ပုံကို အမှတ်တရလက်ဆောင်ပေးအပ်ပြီး ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်း အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုမြိုး

ပြည်တွင်းသတင်း

လယ်ယာမြေလုပ်ကိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးရေး စဉ်ဆက်မပြတ်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

ဧပြီ ၂၅ ရက် နံနက် ၉ နာရီတွင် ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မှတ်ပုံတင်ခြင်းလုပ်ငန်း တိုးတက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်(**ယာပုံ**)က ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ဆောင်ရမည့်တာဝန်များနှင့် လက်ငင်းဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းခေါင်းစဉ် ကြီး(၄)ရပ်ကို ရှင်းလင်းဆွေးနွေးသည်။

ခေါင်းစဉ်ကြီး(၄)ရပ်မှာ နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိနေသော တောင်သူလယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စနစ်တကျ အောင်မြင်တိုးတက်မှုရရှိရေးအတွက် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များက အောက်ခြေအဆင့်အထိ ကွင်းဆင်းဆောင်ရွက်ကြရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအသီးသီးမှ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ ထောက်ခံတင်ပြလာသည့် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့်ဆိုင်ရာ တင်ပြချက်များအပေါ်တွင် လယ်ယာမြေဥပဒေ ပုဒ်မ(၂၉)နှင့် (၃၀)တို့အရ သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီစွာ စိစစ်ခွင့်ပြုပေးရန် ပြဋ္ဌာန်းအတည်ပြုပြီးဖြစ်သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ကိုက်ညီစွာ ထုတ်ပြန်ဆောင်ရွက်ရန်ရှိသည့် အမိန့်၊ ညွှန်ကြားချက်များကို စနစ်တကျထုတ်ပြန်ရန်နှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးအားကာကွယ်သည့်ဥပဒေမူကြမ်း ဆိုင်ရာကိစ္စရပ်နှင့်ပတ်သက်၍ကဏ္ဍအလိုက် ထည့်သွင်းရေးဆွဲရန်တို့ ဖြစ်သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လက်တွေ့ဆောင်ရွက်နိုင်သည့် လုပ်ငန်းရပ်များအပေါ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လက်ငင်းအရေးတကြီး လက်တွေ့ဆောင်ရွက်လျက်ရှိနေသည့် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အားသွန်ခွန်စိုက်၊ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ပြည်ထောင်စုတစ်ပန်းလုံး၌ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ အကန့်အသတ်ကြောင့် ကျန်ရှိနေနိုင်သည့် နယ်မြေဒေသများ အပါအဝင် ကြားကွက်လပ်မကျန်အောင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရာနှုန်းပြည့် အကောင်အထည်ဖော် ပြီးစီးရေးအတွက် ပြီးစီးနိုင်သည့် ကာလတိုင်အောင် စဉ်ဆက်မပြတ်တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော်ကောင်စီနယ်မြေ ငလိုက်ဆည်ရေသောက်စနစ် ကိုးရွာရှိ တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀ စံပြစိုက်ကွင်းသို့ တရုတ်စိုက်ပျိုးရေးပညာရှင် Mr. Tao Wen-Luy, Mr. Alexander Chanh,Mr. Yen Ming-Hong, Mr. Hsu Che-Wei တို့နှင့်အတူရောက်ရှိပြီး ခေတ်မီရေဖျန်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် တစ်ဧကတင်း ၁၀၀ ထွက်ရှိမည့် မြေပဲစိုက်ခင်း၊ ဆီထွက်နေကြာစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး အားပေးသည်။

ထို့နောက် ဧက ၅၀၀ စိုက်ကွင်းအတွင်း၌ တောင်သူပညာပေးစိုက်ပျိုးထားရှိသော ဓာတုကင်းလွတ် (Chemical Free) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းရှိ သခွားမွှေးအမျိုးမျိုး၊ ဖရဲအမျိုးမျိုး၊ ဖရုံအမျိုးမျိုး၊ စပ်မျိုးခရမ်း၊ စပ်မျိုးကြက်ဟင်းခါး၊ စပ်မျိုးငရုတ်၊ စပ်မျိုးသဘော် စိုက်ခင်းများကိုလည်းကောင်း၊ ပုလဲသွယ်သက်တမ်းတို ရက် ၁၀၀ စိုက်ခင်း၌ သက်တမ်း ၉၂ ရက်သားတွင် စပါးနှံများ အောင်မြင်ဖြစ်ထွန်း၍ ရိတ်သိမ်းရန် အသင့်ဖြစ်နေသော စပါးခင်းများကို လည်းကောင်း၊ ဟိုတယ်ဇုန်အနီးရှိ ငလိုက်ဆည်ရေသောက်စနစ် တစ်ကွင်းတစ်ဆက်တည်း စက်မှုလယ်ယာမြေစနစ် ဧက ၃၀၀၀ စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးနွေစပါး စိုက်ပျိုးနေကြသော စိုက်ကွင်းကို လည်းကောင်း၊ ချောင်းကျေးရွာအနီးရှိ Alliance Stars ကုမ္ပဏီ၏ လယ်ယာသုံးပစ္စည်းနှင့် မျိုးစေ့အရောင်းဆိုင်၌ ခင်းကျင်းပြသထားသော မျိုးစေ့များ၊ လယ်ယာထွက်ကုန်များ၊ စိုက်ကွင်းအတွင်းရှိ ဓာတုကင်းလွတ် (Chemical Free)စိုက်ပျိုးထားသော ငှက်ပျော၊ ပိန္နဲ၊ ကျွဲကော၊ သံပယို၊ ဥသျှစ်၊ တည်ပင်များနှင့် တစ်ပိုင်တစ်နိုင် ခေတ်မီနည်းစနစ်ဖြင့် မွေးမြူထားသော နို့စားနွားမွေးမြူရေးခြံမှ နို့ထွက်နွားမများကို လည်းကောင်း ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပေးအပ်

မိုးညှင်း ဧပြီ ၂၆

ပထမအကြိမ် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ပေးအပ်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက ကချင်ပြည်နယ် မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်မြေစာရင်းဦးစီးဌာနနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က လယ်ယာမြေဆိုင်ရာများ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းစံပင်းနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဘရန်အောင်က တောင်သူ ၉၇ ဦး ဦးပိုင် ၁၀၆ ခုအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ပဖ၃)**

မူလတန်းကြို ကျောင်းဆောက်လုပ်ရန် ပန္နက်တင်

မြစ်ကြီးနား ဧပြီ ၂၆

ဂျပန်နိုင်ငံမှ လျှုဒါန်းငွေကျပ် ၈၈၂ သိန်းဖြင့် မူလတန်းကြိုကျောင်း ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဧပြီ ၂၄ ရက်က မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ကျောင်းဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကံဆီးဆိုင်းလုံနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီး၌ ပန္နက်တင်ပေးခဲ့ကြသည်။

တည်ဆောက်ပေး

အဆိုပါကျောင်းဆောင်သစ်သည် အလျား ၈၆ပေ၊ အနံပေ ၄၀၊ အမြင့် ၁၂ပေရှိ RC တစ်ထပ်အဆောက်အအုံဖြစ်ပြီး မြစ်ကြီးနားမြို့ ကြယ်ဖြူမင်း ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဖ၂)**

ပျဉ်းမနား၌ တန်ဖိုးနည်းဖုန်းကတ်များ စတင်ရောင်းချ

ပျဉ်းမနား ဧပြီ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌လည်း ဖုန်းကတ်လျှောက်လွှာများကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီခွဲမှစတင်၍ သက်ဆိုင်ရာရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ စတင်လက်ခံလျက်ရှိကြောင်း သိရသည်။

ပြောကြား

"ကျွန်တော်တို့ အခုလက်ခံထားတဲ့ တန်ဖိုးနည်းဖုန်း လျှောက်လွှာတွေကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာ မဲနှိုက်ပြီး မဲပေါက်သူကို တန်ဖိုးနည်းဖုန်းချထားပေးမှာ ဖြစ်ပါတယ်။ မဲနှိုက်တဲ့နေရာမှာလည်း ရပ်ကွက်အလိုက် ဖုန်းလျှောက်ထားသူတွေထဲက ၁၀ ဦးခန့်ပါဝင်မဲနှိုက်ရမှာ ဖြစ်ပါတယ်"ဟု ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦးက ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှစ်မြို့နယ်ခန့်ရှိကာ စုစုပေါင်း ဆင်းကတ် ၁၉၀၀၀ ခွဲပေးရရှိမည်ဖြစ်ပြီး မြို့အနယ်အလိုက် ဧပြီလ ၂၈ ရက်၌ မဲနှိုက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြင်းခြံမြောက်ဘက် မဟာဗျူဟာအချက်အချာကျသည့် နဘူးအိုင်စံပြကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု အံ့မခန်းတိုးတက်လာ

ခြင်းခြံ ဧပြီ ၂၆

နဘူးအိုင် စံပြကျေးရွာသည် မြင်းခြံမြို့နှင့် ၁၆ မိုင်ကွာဝေးပြီး မန္တလေး-တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ် မြင်းခြံ-ပုဂံ-ညောင်ဦးလမ်းပေါ်၌ တည်ရှိကာ မြို့သာစက်မှုဇုန် ဆီမီးခုံဆိပ်ကမ်းစီမံကိန်း စသည့် အဓိကနေရာတွင် တည်ရှိသဖြင့် သွားလာဆက်သွယ်မှု ပိုမိုများပြားကာ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း သိရှိရသည်။

ရွာထိပ်ရှိ မြို့သာ-မြင်းခြံ-ဆီမီးခုံလမ်းဆုံ သက္ကယ်ချင်းချောင်းစပ်၌ ဈေးဆိုင် ၁၀ ဆိုင်ကျော်ရှိလာပြီး ဈေးဆိုင်ငယ်၊ လတ် စုစုပေါင်း ၃၀ ကျော် ဖွင့်လှစ်ထားရှိသည်။ ခရီးသည် ၂၄ နာရီ သွားလာမှုကြောင့် စားသောက်ဆိုင်ကြီးများနှင့် အဖျော်ယမကာဆိုင်များ ပိတ်ချိန်မရှိ ဖွင့်လှစ်ပေးထားသည်။

ရွာဦးရှိ အောင်တော်မှုဘုရားကွင်း၌ နေ့စဉ်နံနက်ဈေးရှိပြီး ဈေးကားဂိတ်တွင် လက်ဖက်ရည်ဆိုင်များ၊ စတိုးဆိုင်များ ၂၀ ခန့်ရှိပြီး ပုံကျဈေးသည်ပေါင်း ၅၀ ကျော်ရှိလာသည်။

နဘူးအိုင်ရွာထိပ်နှင့် ရွာဦးမှ ပြည်သာအောင်၊ ရွှေနန်းတော်၊ ဖြိုးရတနာ၊ ငါန်းဇွန်မန်း၊ ကြည်ကြည်ငွေး၊ ရွှေမန်းသူ၊ အေးချမ်းမောင်၊ ငွေသရောက်မန်း စသည့် မော်တော်ယာဉ်ကားအသင်းများမှ ကားပေါင်း ၂၀ ကျော် ဥဒဟို နေ့စဉ် ဖြတ်သန်းပြေးဆွဲလျက်ရှိနေသည်။

နဘူးအိုင် စံပြကျေးရွာတွင် အိမ်ခြေ ၄၈၂ အိမ်ရှိပြီး အိမ်ထောင်စု ၄၆၂ စုရှိကာ လူဦးရေ ၅၆၅၄ ဦး နေထိုင်ကြသည်။ ခေတ်စနစ်နှင့်အညီ တိုးတက်မှုများက ဆက်သွယ်ရေးကြိုးဖုန်း၊ လက်ကိုင်ဖုန်း ၁၀၀ ကျော်အပြင် တန်ဖိုးနည်း မိဘိုင်းဖုန်းများလည်း ကိုင်ဆောင်သူ ပေါများလာပြီး တီဗွီ၊ ဂြိုဟ်တု စလောင်း ၂၀ ကျော်၊ သွားလာရေးအတွက် အဓိကအချက်အချာ မော်တော်ဆိုင်ကယ်ပေါင်း ၁၀၀ ကျော်ရှိသည်။ ကွန်ပျူတာလုပ်ငန်း၊ ဗီနိုင်းလုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးသည့်အဆင့်အထိ ရောက်ရှိလုပ်ကိုင်ပေးနေသည်။

နဘူးအိုင်ကျေးရွာအခြေခံ ပညာအထက်တန်းကျောင်းတွင် မျိုးဆက်သစ် လူငယ်လူရွယ်များ အိုးမကွာ၊ အိမ်မကွာ ပညာသင်ကြားနိုင်ပြီး ကျောင်းသား ၄၂၀ ၊ ကျောင်းသူ ၅၅၄ ဦး စုစုပေါင်း ၉၇၄ ဦး ပညာသင်ကြားလျက်ရှိသည်။

နဘူးအိုင်ကျေးရွာသည် တောင်းနှင့် ဗန်းနှစ်မျိုး၊ သုံးမျိုးကို ရက်လုပ်ကြပြီး ဗန်း၊ ဆန်ကော၊ ဆန်ခါ၊ တောင်း၊ ဗန်းကြီး၊ ဗန်းလတ်များ အညာဘုရားပွဲများသို့ တင်ပို့ရောင်းချကြသည်။ အစဉ်အလာအရ ပက်မွေးမြူရေးလုပ်ငန်းများလည်း အထိုက်လျောက်မွေးမြူကြသည်။

အံ့မခန်းပင်

ထိုသို့ ရိုးရာတောင်း၊ ဗန်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ပက်မွေးမြူရေးလုပ်ငန်းကို လုပ်ကာလမ်းပန်းဆက်သွယ်ရေး မဟာဗျူဟာကျမှုအပေါ်တွင် ခေတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်သဖြင့် နဘူးအိုင်စံပြကျေးရွာ၏ စည်ပင်ဖွံ့ဖြိုးတိုးတက်မှုများသည် အံ့မခန်းပင် ဖြစ်နေပါကြောင်း။

တင်မောင်(မန္တလေးကိုယ်ပွား)

နေအိမ်ပျက်စီးမှု မရှိသည့်မိသားစုများအား မိတ္ထီလာ၌ ပြန်လည်နေရာချထားမေး

မိတ္ထီလာ ဧပြီ ၂၆

မိတ္ထီလာမြို့တွင် တည်ငြိမ်အေးချမ်းမှုအခြေအနေများ ပြန်လည်ရရှိနေပြီဖြစ်ရာ ကယ်ဆယ်ရေးစခန်းခုနစ်ခုရှိ ဒုက္ခသည်မိသားစုများထဲမှ ပဋိပက္ခဖြစ်စဉ်တွင် နေအိမ်ပျက်စီးမှု မရှိသည့် မိသားစုများအား ဧပြီ ၂၅ ရက် နံနက်ပိုင်းက ပြန်လည်နေရာချထားပေးကြောင်း သိရသည်။

ယင်းသို့ နေရာချထားပေးရာတွင် အထက(၅)ရမ်းတဲ ကယ်ဆယ်ရေးစခန်းမှ မိသားစု ၁၆၈ စု၊ လူဦးရေ ၅၉၉ ဦး၊ ဗဟို ပို/ဆက်သင်တန်းကျောင်း ကယ်ဆယ်ရေးစခန်းမှ မိသားစု ၃၁ စု၊ လူဦးရေ ၉၄ ဦးအား ၎င်းတို့နေအိမ်များတည်ရှိရာ ပြည်သာယာမြောက်ပိုင်းရပ်ကွက်သို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တပ်မတော်လုံခြုံရေးတာဝန်ခံအရာရှိများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ လူမှုပန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက အိမ်တိုင်ရာရောက် စောင့်ရှောက်ပို့ဆောင်ပေးကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

မြို့လယ်က အမှိုက်ပုံကြီး ဖယ်ရှားပေးစေလို

မကွေး ဧပြီ ၂၆

မကွေးမြို့ ပြည်တော်သာလမ်း မဟာပိသုတာရာမကျောင်းတိုက်နှင့် မဟာစေတီလကျောင်းတိုက်အကြား ပလက်ဖောင်းပေါ်တွင် အမှိုက်ပုံကြီး မသိမ်းသည်မှာကြာသဖြင့် တဖြည်းဖြည်းကြီးထွားလာပြီး လေတိုက်တိုင်း အမှိုက်များ ပတ်ပန်းကျင်သို့ပျံ့လွင့်ကာ အနံ့ဆိုးများထွက်နေသည်။ မြေလတ်မြို့တော်ဟု တင်စားခေါ်ဝေါ်နေသော မကွေးမြို့မှာ အဆိုပါအမှိုက်ပုံကြီးကြောင့် မလှမပ ဖြစ်နေသည်ဟု ခံစားမိသည်။ ထိုနေရာသည် မကွေးမြို့၏ ဗဟိုချက်မ အလွန်စည်ကားသောနေရာတစ်ခုဖြစ်ပြီး လမ်းသွားလမ်းလာများအဖို့ အနှောင့်အယှက် ဖြစ်နေရုံမျှမက ကျန်းမာရေးလည်း ထိခိုက်နိုင်သဖြင့်အမှိုက်ပုံကြီးအား အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးသင့်သည်ဟု မြို့ခံများက ဆန္ဒရှိကြောင်းသိရှိရသည်။ **မကွေးလှမြင့်**

နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

မြန်မာနိုင်ငံ အာဆီယံလူမှုရေး - ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီအောက်ရှိ ကော်မတီအသီးသီး ကြိုတင်ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၆

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ(ASCC)အောက်ရှိ ဆပ်ကော်မတီများ အသီးသီးဖွဲ့စည်းထားမှုများ၊ ဆောင်ရွက်ရန်ရှိမည့်လုပ်ငန်းများနှင့် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အခြေပြမြေပုံ၌ပါဝင်သော လုပ်ငန်းစဉ်အများစုသည် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအခြေပြမြေပုံရေးဆွဲခြင်းမပြုမီကပင် နိုင်ငံတော်က အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပြီး အချို့သည် ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် စီမံကိန်းများ ချမှတ်ထားသောလုပ်ငန်းများဖြစ်ကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ Focal အဖြစ် ဆောင်ရွက်နေသည့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေး (၂)ကြိမ်နှင့် SOCA အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေး(၄)ကြိမ်အတွက် စီမံချက်ပါအတိုင်း ဖွဲ့စည်းမည့် အစည်းအဝေးဆိုင်ရာ ကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီများကို ၂၀၁၃ ခုနှစ် ဇူလိုင်မစတင်၍ ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးများကို ခေါ်ယူမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်အတွက် ဦးစားပေးကဏ္ဍများကို မြန်မာနိုင်ငံက သတ်မှတ်မည့် Theme နှင့် လိုက်လျောညီထွေမှုရှိစေရန် လိုအပ်ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း ကျင်းပမည့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဆိုင်ရာ ဝန်ကြီးဌာနအသီးသီး အစည်းအဝေးများအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍ အလိုက်စီစဉ်ရန် လိုအပ်ကြောင်း၊ ၂၀၁၃ ခုနှစ် မတ်လအထိ ဆောင်ရွက်ပြီးစီးသော အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဆိုင်ရာ အစည်းအဝေးကျင်းပမည့် စီမံချက်များ ပြုစုပြီးစီးကြောင်း၊ အစည်းအဝေးအစီအစဉ်ဇယားများ ကြိုတင်ပြင်ဆင်ခြင်း (Meeting Agenda နှင့် Programme) တို့ကို ရေးဆွဲရေးအတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ညှိနှိုင်းပြီးစီးခဲ့ကြောင်းနှင့် တာဝန်ရှိသူများအားလုံးက အလေးအနက်ထား ပြင်ဆင်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အခြေပြမြေပုံပါ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၌ ဆောင်ရွက်ထားရန် ညှိနှိုင်းဆောင်ရွက်ပေးမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

ပြည်တွင်းသတင်း

အဘယလာဘမုနိရုပ်ပွားတော်မြတ်အား ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာလာပြီဖြစ်၍ ယခုအခါ နိုင်ငံခြားခရီးသည်များသည် ဝင်ထွက်သွားလာလျက်ရှိနေပြီး မြန်မာနိုင်ငံအနှံ့ သမိုင်းဝင်စေတီပုထိုးများ၊ ရှေးဟောင်းအဆောက်အအုံများ၊ တန်ခိုးကြီးဘုရားများအား ကြည့်ရှုဖူးမြော်လျက်ရှိရာ ဧပြီ ၂၄ ရက်က အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား လာရောက်ကြည်ညိုဖူးမြော်နေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

မျိုးသန့်(အင်းစိန်)

ဧရာဝတီတိုင်းဒေသကြီး ကင်းထောက်မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကင်းထောက်မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ကင်းထောက်လူငယ်များ ဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အနာဂတ်နိုင်ငံတော်၏ နယ်ပယ်အသီးသီးတွင် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်သည့် လူတော်၊ လူကောင်းများ ပေါ်ထွက်လာစေရေးပင်ဖြစ်ကြောင်း၊ လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်က ရည်မှန်းထားသည့်အတိုင်း အရည်အသွေး၊ အရည်အချင်းပြည့်ဝသော လူငယ်မောင်မယ်များ ဖြစ်အောင် အလေးအနက်ထား ကျင့်ကြံကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားပြီး ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နမ့်စန်မြို့ မဟာရွှေသိမ်တော်မြတ်ရေစက်ချပွဲ၌ ဓမ္မသဘင်တရားပွဲကျင်းပ

နမ့်စန် ဧပြီ ၂၆

လွိုင်လင်ခရိုင် နမ့်စန်မြို့ အမှတ်(၃)ရပ်ကွက် အတုလကာရီကျောင်းတိုက်၌ ဆောက်လုပ်လှူဒါန်းပြီးစီးသည့် မဟာရွှေသိမ်တော်မြတ် ရေစက်ချမင်္ဂလာအခမ်းအနားသို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ သာသနဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ကြွရောက်ချီးမြှင့်တော်မူသည်။

ကျင်းဝ

အစီအစဉ်အရ မဟာရွှေသိမ်တော်မြတ်အား ရွှေထီးတော်တင်လှူခြင်းမင်္ဂလာအခမ်းအနားကို ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် ဧပြီ ၂၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီက မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက ဦးစီး၍ ရွှေထီးတော်အား သိမ်ဒါယကာ၊ ဒါယိကာမများနှင့်အတူ တင်လှူပူဇော်ပြီးနောက် ထီးတော်တင် အောင်မြင်မှုရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပသည်။ ထို့နောက် မွန်းလွဲ ၂ နာရီက ဗုဒ္ဓရုပ်ပွားတော်များနှင့်တကွ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ)အား ရတနာဆင်တော်၊ ဒေဝါဝင်း၊ ရာဇာဝင်း၊ ပဂံဝင်းများ ခင်း၍ စည်ကားသိုက်မြိုက်စွာ ကြိုဆိုပင့်ဆောင်ကြသည်။ ညပိုင်းတွင် ဒေါက်တာအရှင်ဉာဏိဿရက သီတဂူအထူးဓမ္မသဘင်တရားတော်ကို ဟောကြားတော်မူသည်။ ဆက်လက်၍ ၁၃၇၅ ခုနှစ် (တန်ခူးလပြည့်နေ့) ဧပြီ ၂၅ ရက် နံနက် ၇ နာရီမှစတင်ပြီး ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်သော သံဃာတော်အရှင်သူမြတ်များက (သီမာသမုတိကံဆောင်) သိမ်သမုတ်သဘင်ကျင်းပခြင်း၊ ဘုရားအနေကဇာတင်လှူခြင်း၊ ဦးဆောင်ဆရာတော်ကြီးအား ပနောပသမ္ပဒကံထပ်ခြင်းနှင့် သိမ်ဆွမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနားများ ကျင်းပခဲ့ပြီး မဟာရွှေသိမ်တော်မြတ် ရေစက်ချ မင်္ဂလာအခမ်းအနားကို မဟာမင်္ဂလာမဏ္ဍပ်၌ အစီအစဉ်အတိုင်း ကျင်းပခဲ့ကြကြောင်း သိရသည်။

ဟောကြား

အဆိုပါ သိမ်ရေစက်ချမင်္ဂလာ၌ သီတဂူအထူးဓမ္မသဘင်တရားပွဲများကို ဧပြီ ၂၂ ရက် ညတွင် သီတဂူအရှင်ဒေဝသုခ(သာသနဇောတိကဓဇ)၊ ဧပြီ ၂၃ ရက်တွင် သီတဂူ ဒေါက်တာအရှင်သာသန၊ ဧပြီ ၂၄ ရက်နှင့် ၂၅ ရက် ညတွင် ဒေါက်တာ အရှင်ဉာဏိဿရ၊ ဧပြီ ၂၆ ရက် ညတွင် တစ်ဘဝသာသနာ အရှင်သောဘန (ကမ္မဋ္ဌာနာစရိယ၊ သာမညဝ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက်)တို့က တရားတော်များကို အသီးသီး ဟောကြားတော်မူခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

နိုးလွင်ဦး(ခရိုင် ပြန်/ဆက်)

သင်္ကြန်အပြီး ကားခဈေးနှုန်းများ ကျဆင်းလာ

ရန်ကုန် ဧပြီ ၂၆

သင်္ကြန်အပြီး ကားခဈေးနှုန်းများ ကျဆင်းလာရာ သင်္ကြန်မတိုင်ခင် ရန်ကုန်မှ ဘားအံသို့ ကားခမှာ ကောက်ခံ ကုန်တစ်ပိဿာ ၄၂ ကျပ်နှုန်းရှိရာမှ သင်္ကြန်လွန်ရက်တွင် ကားခတစ်ပိဿာ ၃၅ ကျပ်သို့ ဈေးကျလာကြောင်း၊ ရန်ကုန်မှ မန္တလေးသို့ ကုန်တစ်ပိဿာ သင်္ကြန်မတိုင်ခင် ၇၅ ကျပ်ဝန်းကျင်ရှိရာမှ သင်္ကြန်အပြီးတွင် ၇၂ ကျပ်ဝန်းကျင်သို့ ဈေးကျလာကြောင်း ခရေလမ်းရှိ ဘုရင့်နောင်ပွဲရုံဝင်းမှ မန္တလေးကားဂိတ်နှင့် ကုံကော်လမ်းသွယ်ရှိ ဘားအံကားဂိတ်ပိုင်ရှင်တို့ထံက သိရသည်။

ယခင်နှစ် ၂၀၁၂ သင်္ကြန်မတိုင်မီ ရန်ကုန်မှမန္တလေးသို့ ကုန်တစ်ပိဿာ ကားခငွေကျပ် ၁၀၀ ဝန်းကျင်ရှိရာမှ သင်္ကြန်အလွန်တွင် ကားခငွေကျပ် ၉၀ နှင့် ၉၅ ဝန်းကျင်သို့ ဈေးကျလာခဲ့သည်ဟု ယင်းကားဂိတ်ပိုင်ရှင်မှ ဆိုသည်။

သင်္ကြန်မတိုင်မီ မိုင် ၇၀၀ ဝန်းကျင် အကွာအဝေးရှိသော ရန်ကုန်-မူဆယ်ခရီးတွင် ဆန်တစ်တန်လျှင် ကားခငွေကျပ် ၇၉၀၀၀ ဝန်းကျင်၊ မိုင် ၈၀၀ ရှိသော ဧရာဝတီတိုင်းဒေသကြီး ရေကြည် ကျောင်းကုန်းမှ ဖရဲသီးတစ်တန်လျှင် ကားခငွေကျပ် ၉၈၀၀၀ နှုန်းသာရှိခဲ့ကြောင်း၊ သင်္ကြန်အလွန်တွင် အောက်ပြည်မှ ဖရဲတင်ပို့မှု မရှိသလောက်နည်းသွားသော်လည်း ဆန်တင်ပို့မှုမှာ ၂၂ ဘီး နောက်တွဲယာဉ်ဖြင့်ဆိုလျှင် တစ်တန်လျှင် ကားခငွေကျပ် ခုနစ်သောင်းဝန်းကျင်၊ ၁၂ ဘီး ကုန်တင်ယာဉ်ဖြင့်ဆိုလျှင် ငွေကျပ် ခုနစ်သောင်းနှစ်ထောင်ဝန်းကျင်သာ ရှိကြောင်း သိရသည်။

မန္တလေးမှ ရန်ကုန်သို့ သင်္ကြန်မတိုင်မီနှင့် သင်္ကြန်အလွန်တွင် ကောက်ခံကုန်တစ်ပိဿာ ပျမ်းမျှကားခ နှစ်ဆယ့်ငါးကျပ် ဝန်းကျင်သာ မပြောင်းလဲဘဲရှိကြောင်း၊ ရန်ကုန်ဈေးကွက်တွင် အာလူးဈေးနှုန်း အမြင့်ဖြင့် ရောင်းချရ၍သာ သင်္ကြန်ရက်မတိုင်မီ အာလူးများ အထူးကားခဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၈၀ နှုန်းပေး၍ သယ်ဆောင်ခဲ့ရသည်ဟု ကုန်စည်နှင့် ကားဂိတ်များမှ သိရသည်။

ယခုအခါ ကသာဒေသမှ ထွက်ရှိသော ဖရဲသီးများ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ရောက်ရှိပြီး မိုင်သုံးရာဝန်းကျင်ဝေးသော မူဆယ်သို့ပို့ရာတွင် ကားခတစ်တန်လျှင် ခြောက်သောင်းဝန်းကျင်သာရကြောင်း၊ နယ်စပ်သို့မပို့ဖြစ်သော တန်းမဝင်ဖရဲများ မိုင်လေးရာဝန်းကျင်ရှိသော ရန်ကုန်သို့ပို့ရာတွင် ခြောက်ဘီး ကုန်တင်ယာဉ်တစ်စီးလျှင် ကုန်တန်ချိန်ပျမ်းမျှ ကိုးတန်ဝန်းကျင်၊ ကားခ သုံးသိန်းနှစ်သောင်း၊ ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ကုန်တန်ချိန်ပျမ်းမျှ ၁၄ တန်ဝန်းကျင် ကားခငွေကျပ်လေးသိန်းဝန်းကျင်ရကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမှ အတွင်းဘက်သို့ ခရီးအကွာအဝေး ငါးမိုင်မှ ၁၀ မိုင်အတွင်း ဝင်ရသော ဒေသများမှဆိုလျှင် ဖရဲသီးတစ်တန်လျှင် မူဆယ်သို့ ကားခငွေကျပ် ငါးသောင်းဝန်းကျင်၊ အတွင်းသို့ မိုင်ငါးဆယ်ခန့်ဝင်ရသော ဒေသများမှဆိုလျှင် ကားခငွေကျပ်ခုနစ်သောင်းဝန်းကျင်ရှိခဲ့ကြောင်း ရန်ကုန်-မန္တလေး-မူဆယ် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

မီး မှန်သမျှ သုံးတတ်ကာ
မှချမီးဘေးစဉ်ကင်းဝေး

ပြည်တွင်းသတင်း

အမှုထမ်းနိုင်ငံ လွှတ်လပ်ရေးနေ့

ဧပြီ ၂၅ ရက်က (ဝဲမှ)နစ် ရော်ယ်လ် အမှုထမ်းနိုင်ငံ လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဆွေတို့အား မြန်မာနိုင်ငံဆိုင်ရာ အမှုထမ်းနိုင်ငံ သံအမတ်ကြီး H.E.Hagay M.Behar နှင့် ဇနီးတို့က ဆင်းကြိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြဝတီမြို့၌ လောင်းကစားဝိုင်းများ ဖမ်းဆီးရမိ

မြဝတီ ဧပြီ ၂၆

မြဝတီခရိုင် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက် ကိုးနဝင်ကျောင်းဝင်းအတွင်း အနိုင်လိုလောင်းကစားဝိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ မြဝတီရဲစခန်းမှ ဧပြီ ၂၅ ရက် ည ၇ နာရီ မိနစ် ၂၀ ... ရဲအုပ်တင်မောင်ဦး စီး၍ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့သည်။ ကိုးနဝင်ကျောင်းဝင်းအတွင်းတွင် အနိုင်လိုလောင်းကစားပြုလုပ်နေသူ တိုအေး (၄၉ နှစ်) သန်းညီနောင် မြဝတီမြို့ အောင်ကျော်ပြည့်(၃၈ နှစ်) အမှတ်(၃)ရပ်ကွက် မြဝတီမြို့နေသူနှင့် တိုဘော့ဝင်(၄၅ နှစ်) သယ်န်းညီနေ ရွာသစ် မြဝတီမြို့နယ်နေသူ သုံးဦးအား အနိုင်လိုလောင်းကစားခဲ့ သုံးခဲ့လောင်းတစ်ခုအတွင်း အသုံးပြုသည့် အနိုင်စာတုံး ၁၅ တုံး မြန်မာငွေကျပ်ငွေ ကျပ် ၅၇,၀၀၀၊ ကြက်၊ ဆင် ... ကျား စသည့် ရုပ်ပုံပါ ဗီနိုင်းကားချပ် ... လေးပေမီးချောင်း တစ်ချောင်း နှစ်ပေမီးချောင်း ... ဥပဒေနှင့်အညီ အရေးယူ ... ကိုးနဝင်ကျောင်းဝင်းအတွင်း ဆက်လက်ရှာဖွေ ... အနိုင်လိုလောင်းကစား ... ရုပ်ပုံပါ ဗီနိုင်းကားချပ် ခြောက်ချပ်ကို ရှာဖွေတွေ့ရှိပြီး ဝိုင်းရှင်မဲ့ သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ ည ၈ နာရီ မိနစ် ၄၀ တွင် မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ကြံခိုင်ရလမ်း ... မဟာသီဟိန်းကုန်းအနီး လယ်တွင်းအတွင်း အနိုင်လိုလောင်းကစားဝိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ မြဝတီရဲစခန်းမှ ရဲအုပ်တင်မောင်ဦး ဦးစီးပြီး ဝင်ရောက်ရှာဖွေဖမ်းဆီးရာ အနိုင်လိုလောင်းကစားခဲ့သော ခြောက်ခုံ ရှာဖွေတွေ့ရှိသဖြင့် ဝိုင်းရှင်မဲ့ သိမ်းဆည်းခဲ့သည်။

ယင်းနောက် ည ၈ နာရီ ၅၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် အာရှလမ်း ဒေါ်ဆုပန်ဘုန်းကြီးကျောင်းရှေ့ လယ်တွင်းအတွင်း အနိုင်လိုလောင်းကစားဝိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ မြဝတီရဲစခန်းမှူး ရဲအုပ်တင်မောင်ဦး ... ဝင်ရောက်ရှာဖွေဖမ်းဆီးရာ အနိုင်လိုလောင်းကစားခဲ့ ... လောင်းကစားရာတွင် အသုံးပြုသည့် အန်စာတုံး ၅၀ တုံး၊ ... ကျား စသည့် ရုပ်ပုံပါ ဗီနိုင်းကားချပ် ... ဗီနိုင်းအနေ ... အသုံးပြုသည့် ၁၊ ၂၊ ၃၊ ၄ အတွက် ရေးဆွဲထားသည့် ဗီနိုင်းဝန်းစတ်စ ... ရှာဖွေတွေ့ရှိသဖြင့် ဝိုင်းရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ အနိုင်လိုလောင်းကစားဝိုင်းများမှ ဖမ်းဆီးရမိသည့် တရားခံများအား မြဝတီရဲစခန်းက အရေးယူထားကြောင်း သိရသည်။

နဒီမြင့်မိုရ်(မြဝတီ)

နှမ်းစပါးစိုက်တောင်သူများ သောကအေးရပြီ

ရန်ကုန် ဧပြီ ၂၆

ပြည်သို့ ဆန်တင်ပို့ရန် သဘော်များရှိသည့်အတွက် ကြိမ်နှင့်အလွန် ရန်ကုန်ဈေးကွက်တွင် ဆန်မျိုးစုံ ဆန်ကွဲများ ဈေးနှုန်းမြင့်တက်လာပြီး နယ်စပါးဈေးများလည်း မြင့်တက်လာသဖြင့် နွေစပါးစိုက်ပျိုးသည့် လယ်သမားများ ယခုနှစ်တွင် မနှစ်ကကဲ့သို့ သောကဖြစ်စရာမလိုဘဲ အကျိုးအမြတ်များ ရရှိလာသည်ဟု သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသ ကျောင်းကုန်း သိဘက်တွင် မနှစ်က နွေစပါး ကွင်းပေါက်ဈေး တစ်တင်းလျှင် ၅၀၀ ... နှုန်းဖြင့် သကြီန်... တင်း တစ်ရာ ... ကျပ် ၃၅၀၀၀ ... ရှိရာမှ ယခုအခါ ... တစ်တင်းလျှင် ... ပေါင် ၅၀ နှုန်းဖြင့် တင်းတစ်ရာလျှင် ငွေကျပ် ၃၇၀၀၀၀ နှုန်းသို့ မြင့်တက်လာကြောင်း၊ ကွင်းမှကြိုတ်ခွဲစက်သို့ သယ်ယူစရိတ် ... တင်းတစ်ရာလျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ကျကြောင်း၊ မိုးစပါးဖြစ်သော ... ဆင်းသုနှင့် မနောသုခ ဈေးမှာ ... ပေါင် ၅၀ ကိုက်တင်းဖြင့် တင်းတစ်ရာလျှင် ယခင်ရက်ပိုင်း ငွေကျပ် ၄၂၀၀၀၀ ဝန်းကျင် ယခုအခါ ငွေကျပ် ၄၅၀၀၀၀ ဝန်းကျင်သို့ မြင့်တက်လာကြောင်း ကျောင်းကုန်းမြို့နယ်မှ ဆန်စက်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ဇီးကုန်း၊ ... ပေါင်းတည် ဒေသ ... ကရင်မထိပ်ခေါင်း (အင်းလေးသိပ်ခေါင်း) မိုးစပါးဈေး နှုန်းပေါင် ၅၀ ကိုက်တင်းတစ်ရာလျှင် ယခင် ငွေကျပ် ၃၉၀၀၀၀ ဝန်းကျင်မှ ယခုအခါ ငွေကျပ် ၄၅၀၀၀၀ ဝန်းကျင်သို့ မြင့်တက်လာကြောင်း၊ ယခုလပိုင်းမှစ၍ အသစ် ... ထွက်ရှိသော နွေစပါးများမှာ ... သိမ်းပြီး ခြွေလှေ့စက်မှကျသော ... အတိုင်း တင်းတစ်ရာလျှင် ငွေကျပ် ၃၇၀၀၀ ဝန်းကျင် ... နေရကြောင်း၊ အစိုဓာတ်ရှိသဖြင့် မြီးဆောင်း အဖြစ် တင်းတစ်ရာလျှင် ဆယ်တင်း နှုန်း ရောင်းချမှု ပေးရလေ့ရှိသော်လည်း ... အဝယ်လိုက်ချိန်တွင် မြီးဆောင်းပေးရမှုမရှိကြောင်း၊ စပါးအခြောက် တင်းတစ်ရာကြိတ်ခွဲလျှင် ၂၅ မှ ၃၀ ဆန် ၂၈ အိတ်ဝန်းကျင်နှင့် ဆန်ကွဲတစ်အိတ်ဝန်းကျင် ထွက်ရှိကြောင်း၊ ယခုရက်တွင် တစ်အိတ်လျှင် နယ်ဈေးအနေဖြင့် ငွေကျပ် ၁၃၂၀၀ မှ ၁၃၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်ပြီး ရန်ကုန်ဈေးကွက်သို့ပို့လျှင် ကားခတစ်အိတ်လျှင် ငွေကျပ် ၇၀၀ ဝန်းကျင်ရှိကြောင်း နတ်တလင်းနယ်မှ ဆန်ကုန်သည် ဆန်စက်ပိုင်ရှင်တစ်ဦးက ဆိုသည်။

နတ်တလင်း၊ ပေါင်းတည် ကုန်း ကြို့ပင်တောက်တို့တွင် တောင်ညို၊ ဝဲကြီး ဘော်ဘင်ဆည်ကြီးများမှ ရေဖြင့် နွေစပါးဧက တစ်သိန်းဝန်းကျင် စိုက်ပျိုးရာ ယခုရက်ပိုင်းမှ စ၍ လ အတွင်း နွေစပါးလှိုင်လှိုင်ထွက်ပေါ်မည်ဖြစ်ကြောင်း ယခင်နှစ်တွင် ပေါင် ၅၀ ကိုက်တင်းဖြင့် တင်းတစ်ရာလျှင် နွေစပါးဈေးနှုန်း ငွေကျပ် ၂၈၀၀၀၀ ဝန်းကျင်သာ ... ရာ ယခုနှစ် ဆန်စပါး ဈေးမြင့်တက်ကြောင့် နွေစပါးစိုက်ပျိုးသူများ အကျိုးရကြောင်း နွေစပါးအပြီး မိုးစပါးစိုက်ပျိုးတာ နှစ်သီးစားစိုက်ပျိုးကြေး၊ ယခုအခါ ဝဲများ ဆွတ်ခူးပြီးသော လယ်များ မိုးကြိုစပါး စိုက်ပျိုးပြီး ပင်းပဲနှင့် မိုးကြိုစပါး စိုက်ပျိုးသူများသည် တစ်နှစ်လျှင် သုံးသီးစားစိုက်ပျိုးမှုရှိသည်ဟု အဆိုပါ တာဝန်ရှိသူက ဆိုသည်။

ရန်ကုန်ဆန်ဈေးကွက်၌ ဧပြီ ၂၆ ရက်တွင် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀ မှ ၁၄၂၀၀ အတွင်း၊ နွေဆန် ... တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၊ ဧမောင်း မြ ငွေကျပ် ၁၇၀၀၀ နှုန်း၊ ... ဆန်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀ မှ ၁၈၀၀၀ အတွင်း ပေါ်ကွဲဆန်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ အတွင်း ... ၁၂၀၀၀ အတွင်း ပေါ်ဆန်းဆန်တစ်အိတ်လျှင် နယ်အသိုင်း ငွေကျပ် ၂၁၅၀၀ မှ ၂၈၀၀၀ အတွင်း ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ကြကြောင်း သိရသည်။

၂-၃-၄ ဆန်ကွဲများသည်လည်း ယခင်ရက်ပိုင်းတွင် တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀ ဝန်းကျင်ရှိရာမှ ယခုအခါ ၉၈၀၀ ဝန်းကျင်သို့ ဈေးခုန်တက်လာပြီး မြတီသို့ အပို့များကြောင်း သိရသည်။

တရုတ်နယ်စပ်သို့ သောဆန်များ ငွေလဲနှုန်းမြင့်တာသဖြင့် ဆန်ဈေးနှုန်း ပိုမိုရလာပြီး တားခမှာလည်း တစ်အိတ်လျှင် ရန်ကုန်-မူဆယ် ငွေကျပ် ၄၀၀၀ ဝန်းကျင်မှ ယခုအခါ ငွေကျပ် ၃၅၀၀ ဝန်းကျင်သို့ ကျဆင်းသည့်အတွက် ရန်ကုန် ဆန်ဈေးကွက်တွင် ဈေးမြင့်တက်လာလည်း အကျိုးအမြတ် ရှိနေဆဲဖြစ်ကြောင်း ... ငွေကျပ် ၅၀၀ ဝန်းကျင်သာရှိရာ ကုန်သည်သည် ... သည် ... မှမတည်ဘဲ ... ဆိုသည်။

ခင်ဆိုင်

Z.E.P အီလက်ထရွန်နစ် အရောင်းကိုယ်စားလှယ်ကြီးများနှင့် ဝန်ထမ်းမိသားစုက ဒီဗီတဲဒါန သယ်ယာဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးကုသရေးအဖြစ် ငွေကျပ် သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

ဒုက်ရာများဖြင့် သေဆုံးနေမှု စုံစမ်းလျက်ရှိ

ရေး ဧပြီ ၂၆

ဧပြီ ၂၄ ရက် နံနက် ၆ နာရီခွဲက ရေးမြို့ သီရိဓေမာရပ်ကွက်နေ ဒေါ်ခင်ရွှေခေါ်သည် ရေးမြို့နယ် ... ကျေးရွာ ... အိုစုရှိ ... ခြံစုတွင် နေထိုင်သည့် အစ်တိုဖြစ်သူ ဦးမောင် ... ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရှိရသဖြင့် တိုင်တန်းမှုအရ မြို့နယ် ... သုံးသေသူများနှင့်အတူ သွား ရောက်ကြည့်ရှုစစ်ဆေးရာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။ တရားခံအား အမှုဖုံးဖမ်းမိနိုင်ရေးအတွက် ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သူအား ရေးရဲစခန်း အမှုတွဲက စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

ကျွန်းလှမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား

ကျွန်းလှ ဧပြီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဝိတောက်မြိုင်ရပ်ကွက် (၂)လမ်းနှင့် ... ရဲတော့်စွာလမ်း ထောင့်တွင် ဆိုင်ကယ်တို တားဖြစ်တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်သန်းဇော်လှိုင်သည် ခေတ္တစခန်း ... တာဝန်ထမ်း ဆောင်နေစဉ် ဧပြီ ၂၄ ရက် ... ညနေ ၆ နာရီခွဲ ... တားဖြင့် ကျွန်းလှမြို့ ဝိတောက်မြိုင်ရပ်ကွက်နေ ဦးဝင်း (၃၅ နှစ်)၏ (KENBO-125) ... မောင်းနှင်ဆိုင်ကယ်တို ယာဉ်မောင်းဖြစ်သူ မောင်လင်း(၄၁ နှစ်) တုတ္တိကုန်း ... အုပ်စု သံပုရာပင်ကျေးရွာနေသူ ... မြန်စေခြင်း စတာမ ... ပုတ်ခတ်မှုထွက်မှုဖြင့် ဆိုင်တယ် ... နောက်မှ ... တိုက်မိ၍ ဆိုင်ကယ်နောက်ပိုင်ဂျက်စီးပြီး စိုးဝင်း၏ နှာခေါင်းမှ သွေးထွက် ... ဒဏ်ရာရရှိကာ ဆေးရုံသို့ပို့စဉ် သေဆုံးသွားသဖြင့် ယာဉ်မောင်း မောင်လင်းအား ကျွန်းလှမြို့နယ်ရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

(မြို့နယ် မြန်/ဆက်)

စည်းကမ်းမဲ့ယာဉ်များကြောင့် ဒလမြို့ယာဉ်ကြောပိတ်ဆို့နေဆဲ

ဒလ ဧပြီ ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် တမ်းနားသွားမှု ... အဓိကအသင်းလမ်းလယ်၌ ... လုပ် ... သည့် ... ကားပါတင်ကြေ... ကြောက်ခဲရာ ... အသုံးဖြူခုခြစ် ... လည်း ယာဉ်ကြောများ ရှုပ်ထွေးနေဆဲ ... ကြောင်း သိရသည်။ ဒလမြို့သည် ... ကောင်ပိုင်းခရိုင် မြို့နယ်အတွင်းရှိ နယ်မြို့များတွင် ယာဉ်လိုပေါ်ခိုက်တဲ့ ဒလမြို့နယ်ဖြစ်ပြီး ရန်ကုန်မြို့သို့ ခရီးသွားလာမှု အများဆုံးသော မြို့နယ်လည်းဖြစ်သည်။ ... တွမ်းခြိတ်နှစ် ... ဒေသ ... သည့် မြို့နယ်များမှ ခရီးသည် ပို့ဆောင်ရေးယာဉ်များ ခရီးသွားပြည်သူများ ဒေသခံခရီးသွားများနှင့် ဆိုက်ကား ဆိုက်ကယ်များကြောင့် လူသွားလမ်းမရှိအောင် ပင် စည်းကမ်းမဲ့ရပ်နားကြမှုများကြောင့် ယာဉ်ကြောများ ရှုပ်ထွေးခြင်းဖြစ်ကြောင်း ... ဖြစ်သည်။

ဒလမြို့နယ် မော်တော်ယာဉ် ... ကြိတ်ရုံမှ တာဝန်ရှိသူတစ်ဦးက "ကားတွေကြိတ်ထိဖို့နေရာမရှိဘူး ဈေးသည်တွေ ... ဆိုင်ကယ်... ရှိတွေ နေရာယူထားတယ်။ တချို့ကားတွေကလည်း လမ်းပေါ်မှာ ... ယာဉ်ကြောပိတ်တာ ... ပြောသည်။

ထိုကဲ့သို့ ခရီးသွားများသွားလာ ခတ်ခဲပြီး ယာဉ်ကြောပိတ်ဆို့ နေရခြင်းအား "ယာဉ်တွေစည်းကမ်း ... နေရာ ... ဈေးသည်တွေရှင်းလင်း ... ပေးမှ ... ဒလမ ... ယာဉ်မောင်းတွေ ... ယာဉ်ကြောင်းတွေ ... တည်... ခေါင်ရှက်လို့မရပါဘူး ... ဆော ... ရှက်လို့ရပါလိမ့်မယ်" ဟု အခြား ... ပြောသည်။ ဒလမြို့နယ်ရှိ ... ရန်ကုန်မြို့တော်စည်ပင် ... ကော်မတီ နယ်နိမိတ်အတွင်း ပါဝင်သည့်အတွက် မြို့တော်အကိုင်းနှင့်အညီ ခရီးထွက်ပြည်သူများ ... ယာဉ်ကြောပိတ်ဆို့မှုများအား ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း သိရသည်။ (၁၅၅)

ရွှေပြည်သွန့်ကျေးရွာ၌ သောက်သုံးရေအပြည့်အဝရ

နောင်ချို ဧပြီ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ရွှေပြည်သွန့်ကျေးရွာရှိ လူဦးရေ ၇၈၇ ဦး အိမ်ခြေ ၁၄၀ အိမ်၌ သောက်သုံးရေ အပြည့်အဝ ရရှိသုံးစွဲနိုင်ဖြစ်ကြောင်း တွေ့ရှိရသည်။ စီမံကိန်းစမ်းရေ ... ရွှေပြည်သွန့်ကျေးရွာသို့ ယူနီဆက်ပံ့ပိုးငွေကျပ် သိန်း ၁၂ ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ... ကြီးကြပ်ကာ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း ... ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(ဇာလ)

ပြည်တွင်းသတင်း

ကျား/မ ရေးရာ သာတူညီမျှ သတင်းအချက်အလက်ဖလှယ်ခြင်း အလုပ်ရုံဆွေးနွေး

နေပြည်တော် ဧပြီ ၂၆

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် INGO အဖွဲ့ဖြစ်သည့် Oxfam (မြန်မာ) အဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ကျား/မရေးရာသာတူညီမျှ သတင်းအချက်အလက်ဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ... နေပြည်တော်ရှိ ... Fantastic Hall ၌ ကျင်းပရာ ... ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က မိမိတို့ဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ကာကွယ်စောင့်ရှောက်ရာတွင် အဓိကတာဝန်ယူဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ... ကြမ်းတွင် အမျိုးသမီးများ မိန်းကလေးငယ်များအတွက် ... ရောက်ရှိ ကျားမရောတ်ဆဲနှင့် ကျရောက်ပြီးနောက်တွင် ကြိုတင်ကာကွယ်ရေး တယ်ယယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သခုဆောင်ရွက်လျက်ရှိသည့်အတိုင်း ဦးစားပေးထည့်သွင်းဆွေးနွေးပြီး မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း၊ Gender Sensitizing ကို ကမ္ဘာ့နိုင်ငံ ... သာလွှမ်းလုပ်ဆောင်လျက်ရှိကြပြီး ... Crosscutting Issue ... သွင်းသွားရှိပါကြောင်း မိမိတို့နိုင်ငံ၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံ၏ဥပဒေပြုရေး ... စီရင်ရေး၊ အုပ်ချုပ်ရေးနယ်ပယ် ... ထွင် Women Engagement and Empowerment ကို ထည့်သွင်းဆောင်ရွက်နေသည်မှာ အားလုံးမျက်မြင်ဖြစ်ကြောင်း၊ ... အလုပ်ရုံဆွေးနွေးပွဲမှ ပေါ်ထွက်လာမည့်ရလဒ်များ၊ တွေ့ရှိချက်များ ... ကြပြ ... မိန်းကလေးငယ်များ၏ အခန်းကဏ္ဍကို ... မှတ်ပြုရေး၊ ... စောင့်ရှောက်နိုင်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေးတို့အတွက် အထောက်အကူရှိ ... ထိရောက်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Oxfam (မြန်မာ) ... ညွှန်ကြားရေးမှူးတ ... အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၂၆ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်နေပြည်တော် ... ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ... ကျား/မ ရေးရာ သာတူညီမျှ သတင်းအချက်အလက်ဖလှယ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ... (သတင်းစဉ်)

လမ်းနှင့်လျှပ်စစ်ဓာတ်အား ကောင်းမွန်ခြင်းကြောင့် ပိုမိုလှပလာသည့် မြို့လှိုင်ကော်

လွိုင်ကော် ဧပြီ ၂၆

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ဓာတ်အားရရှိရေးကောင်းမွန်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဝေနိုင်ရေးတို့အတွက် 11 KV နှင့် 33 KV ဓာတ်အားလိုင်းများပေါ်ရှိ သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ ပြောင်းလဲစိုက်ထူခြင်း၊ သစ်သားလက်တန်းနေရာတွင် သံလက်တန်းပြောင်း၍ တပ်ဆင်ခြင်း၊ ယခင်ကြေးကြိုးနှစ်ချောင်းသာ တပ်ဆင်ထားသောနေရာတွင် ကြေးကြိုးငါးချောင်းအထိ တိုး၍ တပ်ဆင်ခြင်း၊ ထရန်စဖော်မာ တိုး၍ တပ်ဆင်ခြင်း လုပ်ငန်းများကို ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးမြင့်အောင်ကျော်၊ လက်ထောက် လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်လေးဆွေ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ကျော်ခိုင်တို့ကြီးကြပ်လျက် လျှပ်စစ်ဝန်ထမ်းများ ... အားဖြည့်ဆောင်ရွက်နေကြသည်။ လွိုင်ကော်မြို့တွင် လမ်းများကောင်းမွန်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားလိုင်းများတလည်း အပြိုင်အဆိုင်ကောင်းမွန်လာသဖြင့် မြို့တော်ဖြစ် ဥပမာရပ်လှပခဲ့ရာ ပြည်သူများက ဝမ်းမြောက်ဝမ်းသာကားများ ... နေရာတကာတွင် ပြောဆိုနေကြသည်ကို ကြားသိနေရသည်။

ကြည်မြင့်နိုင်(လွိုင်ကော်)

ဖြင်ဆေးခွေသုံးလျှင် အနီးတွင်
လောင်စာပစ္စည်း မထားရ

ပထမအကြိမ် မြန်မာ့ရိုးရာနွားလှည်းခြေအကျော့မောင်းပြိုင်

သတင်း - မောင်စိုးလွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ... ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြု (ပထမအကြိမ်) မြန်မာ့ရိုးရာနွားလှည်းခြေအကျော့မောင်းပြိုင်ပွဲကို ... ကျွန်းမြို့နယ် ... တမာပင်ကျေးရွာပိုင် ... ကွင်းပြင်၌ ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ ... ပခဲ့သည်။ (အောက်ပုံ)

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် နွားသက်တမ်းအလိုက် အသင်းအဖွဲ့ ငါးဖွဲ့ခွဲ၍ ... အသင်းလိုက်ယှဉ်ပြိုင်ရာ စုစုပေါင်း လှည်းယဉ် ... ၃ စီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ... ပြိုင်ပွဲတွင် လှည်းယဉ် ... စီးမှ ... ငွေ ကျပ် ၂၅၀၀၀ နှင့် ... ကျော့မျှ ... မြို့နယ် ... လေမြို့နယ် ... တော့မြို့နယ်နှင့် ... တွမ်းခြိုတုန်းမြို့နယ်တို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဧပြီ ၂၃ ရက်တွင် ဖွင့်ပွဲတွင် ... ပဒ္ဓမတန်းအဆင့် နွားလှည်းယဉ် ... ကျော့ပြိုင်ပွဲတို့ ဧပြီ ၂၂ ရက်က စတင်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တွမ်းခြိုတုန်းမြို့နယ် ... ဂုတ်ကြီးထောင်ကျေးရွာမှ ... ဒုတိယဆုကို ... တတိယဆုကို ... ကွမ်းခြံကုန်း မြို့နယ် ... ရရှိသည်။

ဧပြီ ၂၃ ရက်တွင် တတိယတန်းနှင့် ... တတိယတန်းတွင် ပထမဆုကို ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးကျေးရွာ၊ ဒုတိယဆုကို ကွမ်းခြံကုန်းမြို့နယ် ... ဓက်တိုက်ကျေးရွာ တတိယဆုကို ... ဒေသောက်တရာကျေးရွာတို့က ရရှိပြီး ... ကျေးရွာတန်းအဆင့်တွင် ပထမဆုကို ... ဒုတိယဆုကို ... တတိယဆုကို ... ဒေသောက်တရာကျေးရွာတို့က ရရှိကြသည်။

ဆုတံဆိပ်များ

ဧပြီ ၂၄ ရက်နောက်ဆုံးနေ့တွင် ပထမတန်းအဆင့်နှင့် ဒုတိယတန်းအဆင့်တို့ ယှဉ်ပြိုင်ကြရာ ပထမတန်းအဆင့်တွင် ပထမဆုကို နွားလှည်းယဉ်ကျော့မှာ ကွမ်းခြံကုန်းမြို့နယ်မှ ဦးညာ ... မြင့်၏ နွားလိုက်ပြေရပ်နှင့် နွားပြေးမင်းထက်သာ၊ ဒုတိယဆုကို ကြခတ်ကုန်းကျေးရွာ နွားလိုက်ရာပြည့်နှင့် နွားပြေးမုန်တိုင်း ... ရရှိကြပြီး နွားလိုက်လင်းယုန်နှင့် နွားပြေး ... ဒုတိယဆုကို ... ပထမဆုကို ... တတိယဆုကို ... ရရှိကြသည်။

ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပတ်သက်၍ ပြိုင်ပွဲကော်မတီမှ ဦးဇေမင်းထွန်းက ပြောပြရာတွင် "ပြိုင်ပွဲကျင်းပခြင်းကတော့ မြန်မာ့ရိုးရာ အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ... ဒေသနေ တောင်သူများနှင့် ... နေပြည်သူများ စည်းလုံးညီညွတ်ပြီး ရင်းနှီးမှုရှိစေရန်တို့ကို ရည်ရွယ်ကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

လုပ်ဆောင်ပေးခဲ့

အဆိုပါ မြန်မာ့ရိုးရာ နွားလှည်းခြေအကျော့မောင်းပြိုင်ပွဲတွင် ပထမဆုအဖြစ် ရွှေဆွဲပြားတစ်ပြား၊ ဒုတိယဆုအဖြစ် ၂၀ လက်မ တီဗွီတစ်လုံး၊ တတိယဆုအဖြစ် မိန်းစီး ဂျပန်အမျိုးအစားစက်ဘီးတစ်စီး ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲတွင် အတွေ့အကြုံရှိ ကော်မတီအဖွဲ့ဝင် ၃၀တို့က ဒိုင်အဖြစ် ဘက်လိုက်မှုမရှိဘဲ လုပ်ဆောင်ပေးခဲ့သည်။

ရွှေရကန် (သွင်းကုန်/ထုတ်ကုန်) ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဖြစ်သူ ဒေါ်နန်းစံဟွမ် (၁၃/ကတန (နိုင်) ၀၀၀၆၄၂) အား အခွင့်ရကိုယ်စားလှယ်လွှဲစာ ပေးအပ်ထားခြင်းကို ရုပ်သိမ်းခြင်း

စိန်နှင့်သီသဏ္ဍာန်ကုမ္ပဏီလီမိတက် ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းချွတ် (၁၃/ကတန (နိုင်) ၀၀၃၁၃၄) နှင့် ဒေါ်နန်းအီရွှန် (၁၃/ကတန (နိုင်) ၀၀၇၄၃၅) တို့မှ ဒေါ်နန်းစံဟွမ် (၁၃/ကတန (နိုင်) ၀၀၀၆၄၂) အား မိမိတို့၏အခွင့်ရကိုယ်စားလှယ်အဖြစ် ကိုယ်စားလှယ်လွှဲစာပေးအပ်ထားခြင်းကို ယနေ့မှစ၍ တရားဝင် ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းစံဟွမ်သည် ဦးစိုင်းချွတ်နှင့် ဒေါ်နန်းအီရွှန် တို့အား ကိုယ်စားပြု၍ မည်သည့်အကြောင်းအရာတွင်မျှ လုပ်ကိုင်ဆောင်ရွက်ပိုင်ခွင့် မရှိပါကြောင်းနှင့် ဆောင်ရွက်သမျှအားလုံးသည် တရားမဝင် ဖျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ငွေ (တရားလွှတ်တော်ရှေ့နေ၊ စဉ် ၃၅၃၁)
အမှတ်-၁၂၈ (ပထမထပ်)၊ ၄၁-လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၂၄၅၇၈၄

မေမြဘူညွန့်၊ ... ရှာနောက ... ပေါ်တွင်
၂၅' x ၈၀' ... ချောင်းမည်။ ဖုန်း ...

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လွိုင်ကော်မြို့နယ် ... ဦးအောင်မင်း + ဒေါ်မြတ်တို့၏ သမီး ... ၁၂/ ... တပ (နိုင်)၀၅၃၄၄၇ သည် မိဘ ... သဘောမတူဘဲ ... ကိစ္စ ... ပြု ... သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ... ကိစ္စအဝဝကို ... တာဝန်မယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင်-ဦးအောင်မင်း မိခင်-ဒေါ်မြတ်
လွိုင်ကော်မြို့နယ်

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒိုက်ဦးမြို့ ... ဘုရင့်ကျွန်းမြို့ပတ်လမ်းနေ ဦးစိုးညွန့် + ဒေါ်ယဉ်ငွေတို့၏သမီး ... ၇/ဒဥန(နိုင်)၀၄၁၅၀ သည် မိဘများ၏ ... ဆိုဆုံးမမှုများကို လက်မခံဘဲ မိမိသဘောအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းကိစ္စတစ်စုံတစ်ရာမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင် - ဦးစိုးညွန့် ၇/ဒဥန(နိုင်)၀၁၂၅၆၂
မိခင် - ဒေါ်ယဉ်ငွေ ၇/ဒဥန(နိုင်)၁၁၄၅၂

နိုင်ငံတကာအားကစားသတင်း

အာဆင်နယ်တို့ မန်ယူနဲ့တွေ့ပြီ

ပရီမီယာလိဂ်ခွဲစဉ်တွေကို ဧပြီ ၂၇ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ဖလားအတွက် ရင်ခုန်စရာမရှိတော့ပေမယ့် ချန်ပီယံလိဂ်ပင်ခွင့်ရရှိရေး ကြိုးစားနေတဲ့အသင်းတွေနဲ့ တန်းမဆင်းရရေးရုန်းကန်နေတဲ့အသင်းတွေကြောင့် ပွဲကောင်းတွေအဖြစ် မြင်တွေ့အားပေးကြရဦးမှာဖြစ်ပြီး အကြိတ်အနယ်လည်းရှိမယ့်ပွဲတွေ ဖြစ်လာမှာသေချာပါတယ်။

အာဆင်နယ်နှင့် မန်ယူ

မန်ယူတို့အတွက် ရမှတ်စံချိန်တင်နိုင်ဖို့အတွက်ပဲ ကြိုးစားရဖို့ရှိနေပေမယ့် အာဆင်နယ်အတွက်တော့ အမှတ်လိုအပ်မှုပြင်းတန်နေပါတယ်။ အာဆင်နယ်ဟာ တတိယနေရာ တည်မြဲရေးအတွက် ဒီပွဲကို အားကုန်တုတ်မှာ သေချာနေပြီး စနစ်တကျ ပြင်ဆင်ကစားပါလိမ့်မယ်။ နည်းဖြအာစင်ဝင်းဂါးဟာ အမှတ်ပြည့်ရဖို့လိုအပ်ချက်ကို ပြည့်ဆည်းနိုင်ဖို့ ဒီပွဲမှာကြိုးစားမှာဖြစ်ပါတယ်။ မန်ယူတို့ကတော့ အရန်လူအချို့နဲ့ ပွဲထွက်လာဖွယ်ရှိနေပေမယ့် ဖာဂူဆန်ကလည်း ဒီပွဲရလဒ်ကိုအရေးတားမှာမို့ အမှတ်ရအောင်တော့ယဖို့ အားတုတ်ပါလိမ့်မယ်။ ဒါပေမယ့် အိမ်ရှင်ရဲ့နိုင်ပွဲရလိုမှု စိတ်ဓာတ်ကို အသိအမှတ်ပြုရမယ့် ပွဲပါပဲ။

မန်စီးတီးနှင့် ပက်စ်ဟမ်း

မန်စီးတီးဟာ အိမ်ကွင်းမှာ အနိုင်ကစားဖို့ ဆုံးဖြတ်ထားမှာ သေချာပါတယ်။ ဒုတိယနေရာမှာ တည်မြဲဖို့ဆိုတာ ရလဒ်ကောင်းမဖြစ်မှာမို့ နည်းဖြမန်ချီနီဟာ ဝက်စ်ဟမ်းကိုအလေးအနက်ထားပြီးကစားပါလိမ့်မယ်။ အမာခံကစားသမားတွေနဲ့ ပွဲထွက်ဖို့ပြင်ဆင်မယ့် အိမ်ရှင်ရဲ့ ကြိုးစားမှုဟာ ဒီပွဲရလဒ်ကို အကောင်းဆုံးအနေအထားထွက်ပေါ်အောင် ဖန်တီးပါလိမ့်မယ်။

ချယ်လ်ဆီးနှင့် ဆွမ်ဆီး

ချယ်လ်ဆီးအတွက် အားတုတ်ရမယ့်ပွဲဖြစ်ပါတယ်။ ဆွမ်ဆီးအသင်းဟာ မတင်မတ်တဲ့ ခြေစွမ်းပြမှုတွေရှိတတ်တာမို့ ချယ်လ်ဆီးတို့ အဓိကကစားသမားတွေနဲ့ ပွဲတွက်မှ ရပါလိမ့်မယ်။ ချယ်လ်ဆီးဟာ လောလောဆယ်မှာတော့ ပုံမှန်ခြေစွမ်းရရှိနေတာမို့ ဆွမ်ဆီးကို အိမ်ကွင်းမှာ အမှတ်ပြည့်ရအောင် စွမ်းဆောင်နိုင်ပါလိမ့်မယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ပြတ်သားတဲ့ရလဒ်ကိုပဲ နည်းပြဘင်နီတက်ဇ် ပုံဖော်နိုင်ဖို့ စီစဉ်မှာ သေချာပါတယ်။

နယူးကာဆယ်နှင့် လီဗာပူး

လာမယ့်ဘောလုံးရာသီမှာ ဥရောပ ဝင်ခွင့်ရဖို့ မျှော်လင့်ချက်နည်းနေတဲ့ လီဗာပူးဟာ အားတားရတဲ့ တိုက်စစ်မှူး ဆွာရက်ဇ် ပွဲပယ်ပြစ်ဒဏ်ခံတားရတာဟာ ထိုးနှက်မှုတစ်ရပ်ပါပဲ။ နယူးကာဆယ်ဟာ တန်းမဆင်းရရေးအတွက် စိတ်အေးရအောင် ဒီပွဲမှာ လီဗာပူးကို မာမာတင်းတင်း တုံ့ပြန်ကစားမှာ သေချာပါတယ်။ လီဗာပူးတို့အတွက်တော့ အကျပ်အတည်းတွေ့နိုင်ပြီး ရုန်းကန်ရမယ့်ပွဲဖြစ်နေပါတယ်။

အဲဗာတန်နှင့် ဖူလ်ဟမ်

ချန်ပီယံလိဂ် ဝင်ခွင့်အတွက် မျှော်မှန်းချက်တားနေဆဲ အဲဗာတန်ဟာ ဒီပွဲမှာ အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ အဲဗာတန်ဟာ ခြေစွမ်းယိုင်လာပေမယ့် အမှတ်ပြည့်ရယူနိုင်ဖို့ ဖူလ်ဟမ်ကို အနိုင်ကစားပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ချယ်လ်ဆီးနောက်ခံလူတယ်ရီက စာချုပ်သက်တမ်းတိုးရေးကိစ္စနှင့်ပတ်သက်ပြီး အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဟု ပြောကြားသည်။
- ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသည် ကမ္ဘာ့စိတ်ဝင်စားမှုအရှိဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတစ်ရပ်ဖြစ်လာမည်ဟု ဘရာဇီးဘောလုံးအဖွဲ့ချုပ်က တုတ်ဖော်ပြောကြားသည်။
- ဘာစီလိုနာအသင်းသည် လက်ရှိခြေစွမ်းအရ ချန်ပီယံလိဂ်ဒုတိယအကျော့ပွဲစဉ်တွင် အောင်ပွဲခံရန်ခက်ခဲမည်ဟု နည်းပြဟောင်း ဂွါဒီယိုလာက ပြောကြားသည်။
- ဒေါ့မွန်အသင်း၏ ခြေစွမ်းကို အံ့သြမိကြောင်း ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ပြောကြားသည်။
- မန်ယူအသင်းသည် ယခုနှစ်ပရီမီယာလိဂ်ဆုဖလားနှင့် အတိုက်တန်ဆုံးအသင်းဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ ဘင်နီတက်ဇ်က ပြောကြားသည်။
- စပိန်အသင်းများအတွက် ယခုနှစ်ချန်ပီယံလိဂ်သည် ထူးခြားသောနှစ်ဖြစ်လာမည်ဟု ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီက ပြောကြားသည်။
- မိမိသည် ယခုလာမည်နှစ်နွေရာသီ၌ အသင်းပြောင်းရွှေ့လိုသောဆန္ဒပြင်းပြနေကြောင်း မန်ယူကွင်းလယ်ကစားသမားနာနီက ပြောကြားသည်။
- မန်စီးတီးအသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဖယ်လ်ကာအိုအား ခေါ်ယူနိုင်ရေး ငွေကြေးသုံးစွဲရန်အသင့်ရှိနေကြောင်း ပြောကြားသည်။
- ဂျူဗင်တပ်စ်အသင်းက တိုက်စစ်မှူး ဗန်ပါစီကို ခေါ်ယူလိုကြောင်း တုတ်ဖော်ပြောကြားသည်။
- ဆွာရက်ဇ်၏ ပွဲပယ်ပြစ်ဒဏ် ၁၀ ပွဲမှာ များလွန်းကြောင်း နည်းပြဘင်နီတက်ဇ်က ပြောကြားသည်။

ယူရိုပါလိဂ်ဗိုလ်လုပွဲ ချယ်လ်ဆီးရောက်နိုင်

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ချယ်လ်ဆီးနှင့် ဘေဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကို ပွဲစပြီး ၁၁ မိနစ်အကြာ လမ်းပတ်၏ တောင့်ကန်ဘောမှတစ်ဆင့် ဗစ်တာမော့ဆက်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးကို ဘေဆယ်အသင်းတ ဖာဘီယံစချာက ပွဲချိန် ၈၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ပြန်လည်ချေပခဲ့သည်။ သို့သော်လည်း ချယ်လ်ဆီးတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ လေလွင့်ချိန်တွင် ဒေးဗစ်လူးဝစ်က အလွတ်တည်တန်ဘောမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ယင်းပြိုင်ပွဲအနိုင်ရလိုက်၍ ဗိုလ်လုပွဲတက်ရန် အလားအလာကောင်းနေသည်။

ဗီနာဘာချီအိမ်ကွင်း နိုင်ပွဲယူ

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ဗီနာဘာချီအသင်းနှင့် ဘင်ဖီကာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဗီနာဘာချီအသင်းမှ အတ်ဂျမင်ကိုမတ်က တစ်လုံးတည်းသောခေါင်းတိုက်ဂိုး သွင်းယူပေးခဲ့သည်။ ကိုမတ်သည် ဘင်ဖီကာကစားသမား မဏ္ဍလာရီဂျီ၏အမှားမှတစ်ဆင့် ခေါင်းတိုက်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အဆိုပါဗီနာဘာချီ ကွင်းလယ်ကစားသမားသည် ဒုတိယပိုင်း ပယ်နယ်တီကန်သွင်းရာတွင် လွဲချော်သွားခဲ့သည်။ ဘင်ဖီကာအသင်းသည် ဘာစီလိုနာနှင့် ဆဲလ်တစ်တို့ပါဝင်သည် ချန်ပီယံလိဂ်အုပ်စုမှ ထွက်လာသည် အသင်းဖြစ်သည်။ ဗီနာဘာချီနှင့် ဘင်ဖီကာတို့သည် မေ ၂ ရက်တွင် ဒုတိယအကျော့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကောင်းမြတ်သူ

အကြောင်းကြားပေးပါရန်

ကျွန်တော် မောင်သက်ထူးဇော် ၁၂/သဃက(နိုင်)၁၇၅၆၂၃ ပိုက်ဆံအိတ်အနက်ရောင်မှာ ၂၀-၄-၂၀၁၃ရက်က ပျောက်ဆုံးသွားရာ Student ID/Student Pass (စင်ကာပူ)နှင့် 3 bank cards တို့ ပါရှိသွားပါသဖြင့် တွေ့ရှိသူများ ဖုန်း-၀၉-၅၁၇၆၃၁၉နှင့် ၀၉-၈၆၄၀၀၉၉တို့သို့ အမြန်ဆုံး အကြောင်းကြားပေးပါရန်။

တရားနာပရိသတ်တွေမျှော်လင့်နေတဲ့ဗိုလ်စိန်မှန်ဓမ္မသဘင်

သီတဂူဧရာအလှူတော်

ရွှေပြည်ဟိန်းဆရာတော် ၂၉-၄-၂၀၁၃(တနင်္လာနေ့)

ညနေ (၅း၃၀) နာရီ ဗိုလ်စိန်မှန်အားကစားကွင်း၊ ဝဟန်း

သီတဂူဆရာတော် ၃၀-၄-၂၀၁၃(အင်္ဂါနေ့)

ပျောက်ဆုံးကြောင်း

၁က/၆၆၅၆ ၏ ပုစံ(၁) အခွန်ကျေပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၄၂၃၂၅

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ/ငွေဆောင်

Ph: 209077, 09-731 67000 209388, 09-731 68000

GOLDEN STAR ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ(နေ့စဉ်) ငွေဆောင် (နေ့စဉ်)

Ph:209200,430480,544383

စာအုပ်စာပေ လှူမိတ်ဆွေ

အမည်ပြောင်း

ဗဟန်းမြို့နယ်၊ အမှတ် ၄၅၊ သာသနာ့ရိပ်သာလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်နေ ဦးလင်းမြင့်၏သား မောင်ဘုန်းပြည့်ကောင်းထက်အား မောင်လင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်လင်းခန့်

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာခရိုင်၊ မလှိုင်မြို့နယ်၊ ဆည်တိုကျေးရွာ၊ ဆည်တိုအထက၊ တက္ကသိုလ်ဝင်တန်းမှ မရွှေရည်ဖူး၏ ဖခင်အမည်မှန်မှာ ဦးအိုက်ဆမ် ၃/တခလ(နိုင်)၀၅၈၂၃၈ ဖြစ်ပါသည်။ ဦးအိုက်ဆမ်

ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းဦး ၇/သနပ(နိုင်)၀၇၈၉၃၆၏ နိုင်ငံကူးလက်မှတ် အမှတ် M-၄၀၂၈၁၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၄၂၃၆၉

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၄+၂၆၊ မြေကွက်အမှတ် ၁၃၀၊ ဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သုမင်္ဂလာအိမ်ရာဝင်း၊ သုမင်္ဂလာ ၆ လမ်း၊ အမှတ် ၁၃၀ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အမှတ်-၇၉၈/၁၃အရ ပိုင်ဆိုင်သူ ဦးဇော်မြင့်အောင် ၁၄/မအန(နိုင်)၁၀၆၉၅၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဈေးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှိုင်မွှော် (LL.B)

ADVOCATE - 4314

အမှတ် ၄၆/ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Ph: 01-375970, 0851 72096, 0960 47516

နှစ်ဖက်သောမိဘများနှင့် မောင်ဝေဖြိုးအောင်-ဒေါက်တာကေဇင်ဆုဝေ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးချုပ်မြင့်အောင်(ငြိမ်း)-ဒေါ်အေးအေးမော်တို့၏သားလတ်

မောင်ဝေဖြိုးအောင်

(2nd B.D.S) Director, Pyae Thar Com;Ltd.

နှင့်

ပုသိမ်မြို့နေ ဦးစိုးမြင့်-ဒေါ်လွဲလွဲဝင်း(ရွှေသဇင်သစ်စက်)တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာကေဇင်ဆုဝေ

(B.D.S, Ygn) Right Choice Pharmacy

တို့သည် ၇-၄-၂၀၁၃ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ဝေဖြိုးအောင်-ဒေါက်တာကေဇင်ဆုဝေ

နွေရာသီနှင့် အစားအစာ

ဒေါက်တာမိုးရိပ်ထဝ်

နွေရာသီတွင် ခန္ဓာကိုယ်အတွင်း ရေဓာတ်အလွယ်တကူ ခန်းခြောက်နိုင်သောကြောင့် ခြစ်ခြစ်တောက်ပူသော နေဒဏ်အောက်တွင် ရေဓာတ်ပြန်လည်ဖြည့်တင်းထားနိုင်ရန် လိုအပ်ပါသည်။ ချွေးထွက်များခြင်းကြောင့် ခန္ဓာကိုယ်တွင် ရေဓာတ်နှင့်ဆားဓာတ်ဆုံးရှုံးတတ်ပါသည်။ ထိုအခါ ကိုယ်ပူခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ အစားစားချင်စိတ်မရှိခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီးပူခြင်း၊ အစာအိမ်နာခြင်း၊ သွေးပေါင်ကျခြင်း၊ ရင်တုန်ခြင်းတို့ဖြစ်နိုင်သောကြောင့် အရည်များများ သောက်ရန်လိုအပ်ပါသည်။ ရေကိုလည်း များများသောက်မှသာ ကိုယ်ထဲမှ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်မည်ဖြစ်ပါသည်။

သို့သော်ရေသောက်ရုံနှင့် ရေဓာတ်ကို အပြည့်အဝထိန်းသိမ်းနိုင်ရန် မလွယ်ကူပါ။ ချွေးထွက်များစေပြီး ရေဓာတ်ခန်းခြောက်စေနိုင်သော အစားအသောက်များကိုပါ ရှောင်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ဥပမာ ကော်ဖီသည် ရေဓာတ်ခန်းခြောက်လွယ်သောကြောင့် ကော်ဖီကြိုက်သူများ နွေရာသီတွင် တစ်ခွက်၊ နှစ်ခွက်ထက်ပို၍ မသောက်သုံးသင့်ပါ။ ထို့အပြင် ချောကလက်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီးနှင့်ပူစပ်သော အစာများမှာ ချွေးထွက်များစေနိုင်သောကြောင့် အလွန်အကျွံစားခြင်းမှ ရှောင်သင့်ပါသည်။

နွေရာသီတွင် ရေဓာတ်များသော အစားအစာ၊ အရည်ရွှမ်းသော အသီးအနှံတို့ကို စားခြင်းအားဖြင့် ရေဓာတ်လျော့နည်းခြင်းမှ တားဆီးနိုင်ပါသည်။ ၎င်းတို့မှာ ဖရဲသီး၊ သင်္ဘောသီး၊ သံပရာသီး၊ ပန်းသီး၊ လိမ္မော်သီး၊ သရက်သီး၊ ဘယ်ရီသီးများ၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ မုန်လာဥဝါ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီစိမ်း၊ ဆလတ်ရွက်၊ ဒိန်ချဉ်နှင့် နို့ထွက်ပစ္စည်းများစသည်တို့ဖြစ်ပါသည်။

နွေရာသီတွင် အရည်များများသောက်နိုင်လျှင် အကောင်းဆုံးဖြစ်သည်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဖြစ်စေသော သစ်သီးနှင့်ဟင်းသီးဟင်းရွက်များကို ဖျော်ရည်လုပ်၍ သောက်သုံးနိုင်ပါသည်။

နွေရာသီနှင့်အလိုက်ဖက်ဆုံးအသီးမှာ ဖရဲသီးပင်ဖြစ်သည်။ ဖရဲသီးတွင် ရေဓာတ်များစွာပါဝင်သောကြောင့် ရေငတ်ပြေစေပြီး အစာကြေလွယ်စေပါသည်။ အမျှင်ဓာတ်လည်း များစွာပါဝင်ပြီး ကယ်လိုရီနည်းသည်အတွက် ကျန်းမာရေးအတွက်သင့်လျော်ပါသည်။

သင်္ဘောသီးဖျော်ရည်သည် ဝမ်းမှန်စေရုံသာမက အမျိုးသမီးများ သောက်သုံးလျှင် ဓမ္မတာလည်းမှန်စေပါသည်။

သံပရာရည်သည် လန်းဆန်းစေပြီး ရေဓာတ်ဖြည့်စွမ်းပေးနိုင်ပါသည်။ ဗီတာမင်စီ များစွာရရှိသည်အတွက် ကိုယ်ခံအားကောင်းစေသည်အပြင် ကိုယ်အလေးချိန် ချလိုသူများအတွက်လည်း အထောက်အကူဖြစ်စေပါသည်။

ပန်းသီးတွင် ခန္ဓာကိုယ်မှ လိုအပ်သော ဗီတာမင်နှင့်သတ္တုဓာတ်များစွာ ပါဝင်ရာ တစ်နေ့တစ်လုံးစားသုံးနိုင်လျှင် ရောဂါကင်းသည်ဟုပင် ပြောလေ့ရှိကြပါသည်။

အသီးမှာ "သရက်"ဟု တင်စားရသည် အသီးတို့၏ဘုရင် သရက်သီးကိုလည်း နွေရာသီတွင် ဖျော်ရည်ဖျော်၍ သောက်သုံးနိုင်ပါသည်။

အထက်ပါ အသီးဖျော်ရည်တိုအပြင် သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီစိမ်းတို့ကို အသုံးပြုပြီး ကျန်းမာရေးနှင့် ညီညွတ်သော ဖျော်ရည်များ ပြုလုပ်သောက်သုံးနိုင်ပါသည်။

ရေဓာတ်အမြောက်အမြားပါဝင်သော သခွားသီးဖျော်ရည်သည် ကယ်လိုရီ ပါဝင်နှုန်းနည်းသောကြောင့် ပိန်လိုသူများအတွက်ပါ သင့်လျော်ပါသည်။

ခရမ်းချဉ်သီးတွင် ရေဓာတ် ၉၃ ရာခိုင်နှုန်းပါဝင်ပြီး ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်စသည် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည်အပြင် Lycopene များစွာပါဝင်ရာ ၎င်းဓာတ်မှာ ဆီးကျိတ်ကင်ဆာနှင့် အချို့သော ကင်ဆာများကို ကာကွယ်နိုင်လိမ့်မည်ဟု ပညာရှင်အချို့က ယူဆထားကြပါသည်။ ခရမ်းချဉ်သီးစားလျှင် အိုမင်းရင့်ရော်မှုကို တွန်းလှန်နိုင်ပြီး ပိန်လိုသူများ ခရမ်းချဉ်သီးအစိမ်းကို စားသုံးလျှင် ဆာလောင်ခြင်းကို ထိန်းချုပ်သည်ဟု ဆိုသည်။

မုန်လာဥနီတွင် ဗီတာမင်စီဓာတ်ပါဝင်သည်အပြင် အသားအရေလည်း ကြည်လင်ဝင်းပစေသည်။

ပန်းဂေါ်ဖီစိမ်းဖျော်ရည်ကိုလည်း အသားအရေလှပစေရန်နှင့် ကင်ဆာရောဂါကာကွယ်နိုင်ရန် သောက်ကြပါသည်။

အသီးအရွက်များအပြင် ချွေးထွက်များနေချိန်တွင် သောက်ရန်သင့်လျော်သည်မှာ ဒိန်ချဉ်နှင့် နို့ထွက်ပစ္စည်းများ ဖြစ်ပါသည်။ ၎င်းတို့တွင် ကယ်လ်စီယမ်များစွာပါဝင်ပြီး ကယ်လ်စီယမ်သည် ခန္ဓာကိုယ်အပူချိန် ထိန်းညှိပေးရာတွင် ပါဝင်သောကြောင့် ဖြစ်ပါသည်။

ရေများများသောက်ခြင်းသည် ခန္ဓာကိုယ်အတွင်း ရေဓာတ်ဖြည့်တင်းထားနိုင်ရန်အတွက် အလွယ်ကူဆုံးနှင့် အရိုးရှင်းဆုံးနည်းလမ်း ဖြစ်ပါသည်။ ခန္ဓာကိုယ်တွင် ရေအလုံအလောက်ရှိနေလျှင် ကိုယ်အပူချိန်ကို ပုံမှန်ထိန်းညှိပေးနိုင်ရန် ပိုမိုလွယ်ကူစေသည်။ သို့သော် ချွေးထွက်များလွန်းသူများတွင် ခန္ဓာကိုယ်မှ ဆားဓာတ်ဆုံးရှုံးမှုများသည့်အတွက် ဆားဓာတ်မပါဘဲ ရေကိုသာ သောက်မည်ဆိုပါက ကြွက်သားများနာကျင် တောင့်တင်းခြင်း (Heat Cramps)ဖြစ်နိုင်ပါသည်။ ဤလက္ခဏာမျိုးမှာ နေပူထဲတွင် ကိုယ်လက်လေ့ကျင့်ခန်း အပြင်းအထန်ပြုလုပ်သူများ၊ နေပူထဲတွင် အလုပ်ပင်ပင်ပန်းပန်းလုပ်ရသူများ၊ မီးအနားတွင် အချိန်ကြာကြာ အလုပ်လုပ်ရသူများတို့တွင် ဖြစ်တတ်ပါသည်။ ထိုသူများတွင် ညအခါ သို့မဟုတ် အနားယူသည့်အချိန်မျိုးတွင် ခြေသလုံး ၊ပေါင်နှင့် လက်မောင်းကြွက်သားများ ကြွက်တက်တတ်ပါသည်။ ထို့ကြောင့် ချွေးထွက်အလွန်များသည့်အခါ ဆိုဒီယမ်၊ ပိုတက်စီယမ် ပါဝင်သော အရာများကို (ဥပမာ-ဓာတ်ဆားရည်၊ ငှက်ပျောသီး) ပြန်လည်စားသောက်ပေးရပါမည်။

နွေရာသီနှင့် လိုက်ဖက်မည့် အစားအစာများကို စားသုံးခြင်းဖြင့် နွေနေ့ပူဒဏ်ကို အန်တုနိုင်ကြပါစေ။ ။

ပြည်တွင်းသတင်း

လားရှိုး၌ ကျပ် ၁၅၀၀ တန် ဖုန်းများ မဲနှိုက်ရန်မလို

လားရှိုး ဧပြီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကျပ် ၁၅၀၀တန် မိုဘိုင်းဖုန်း လျှောက်ထားသူများမှ သတ်မှတ်စည်းကမ်း ကိုက်ညီသူများအား မဲနှိုက်စရာမလိုဘဲ တိုက်ရိုက်ချထားပေးမည်ဟု မြို့တော်ခန်းမ၌ ကြော်ငြာစာတပ်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

လားရှိုးမြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်အပြင် လားရှိုးမြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများ လာရောက်လျှောက်ထားကြပြီး သတ်မှတ်စည်းကမ်းချက် ကိုက်ညီသူပေါင်း ၂၅၅၂ ဦးအား လျှောက်လွှာလက်ခံပြေစာပေးထားကြောင်း၊ လားရှိုးမြို့ အနေနှင့်ခွဲတန်း ထက်လျှောက်ထားသူ ပိုမိုများပါက မဲစနစ်နှင့် ရောင်းချရန်ဖြစ်သော်လည်း စည်းကမ်းချက်မကိုက်ညီသူ များနေခြင်းကြောင့် ပြေစာစလစ် ရထားသူများအား ဧပြီ ၂၄ ရက် ငွေပေးသွင်းပြီး ဖုန်းကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မမ(လားရှိုး)

မိုဘိုင်းဖုန်းများ ထားဝယ်၌ရောင်းချ

ထားဝယ် ဧပြီ ၂၆

CDMA 800 MHz တန်ဖိုးနည်း မိုဘိုင်းဖုန်းကတ်များကို ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ကြီးကြပ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား စနစ်တကျရောင်းချရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ ထားဝယ်မြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် မဲနှိုက်ရောင်းချသည်။

တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို ထားဝယ်မြို့ရှိ နိုင်ငံ့ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်သို့ ဖုန်းအလုံးရေ ၁၂၆၀ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မိုးမွှေသွန်း(ထားဝယ်)

ရန်ကုန် - ဘိုကလေး ပြေးဆွဲသည့်မှန်လုံယာဉ် အရက်မူးယစ်လူငယ် သုံးဦးက ခဲဖြင့်ပစ်ပေါက်

ဘိုကလေး ဧပြီ ၂၆

ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ယာဉ်မောင်းနိုင်ဦး (၃၈ နှစ်) ဖျာပုံမြို့နယ်နေသူမောင်းသော ဘိုကလေး-ရန်ကုန်ခရီးသည်တင် မှန်လုံယာဉ် ၂ခ/---- သည် ဧပြီ ၂၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ဘိုကလေးမြို့မှ ထွက်ခွာလာရာ (၁၀) ရပ်ကွက် (၁၈)လမ်းပေါ်သို့အရောက်တွင် မျက်နှာချင်းဆိုင် ကားလမ်းမပေါ်၌ လူငယ်သုံးဦး အရက်မူးလမ်းလျှောက်လာသည်ကို မြင်တွေ့ရသဖြင့် ယာဉ်မောင်းနိုင်ဦးက တိမ်းရှောင်မောင်းနှင်သွားရာ အဆိုပါ အရက်မူးနေသူ လူငယ်သုံးဦးက ခဲဖြင့်ပစ်ပေါက်၍ ကား၏နောက်လေကာမှန်ကွဲအက်သွားသဖြင့် ခဲဖြင့်ပစ်ပေါက်သွားသူ လူငယ်သုံးဦးအား လိုက်လံစုံစမ်းရာ ထွန်းထွန်း (၃၃ နှစ်)၊ အောင်စည်ပိုင် (၃၃ နှစ်)၊ ဇေယျာ (၂၈ နှစ်) (၁၀) ရပ်ကွက် ဘိုကလေးမြို့နေသူတို့ဖြစ်ကြောင်း သိရှိရသဖြင့် ဧပြီ ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် ယာဉ်မောင်းနိုင်ဦး၏ တိုင်တန်းချက်အရ ဘိုကလေး ရဲစခန်းမှ ထွန်းထွန်းပါ သုံးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။

(ပုသိမ်လှကြည်)

သွေးသည် အသက်

မြောင်းမြ၌ ဆင်းကတ်များ စတင်ရောင်းချ

မြောင်းမြ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ၌ ရပ်ကွက်ပြည်သူများသို့ မိုဘိုင်းဖုန်းဝယ်ယူခွင့် လျှောက်လွှာများကို ဧပြီ ၂၄ ရက်က ပြည်သူများလျှောက်ထားသူ ၁၀၅၄ ဦး၊ ဝန်ထမ်း၊ တပ်မတော်သား၊ သံဃာများမှ လျှောက်ထားမှ ၂၆၆ ဦး စုစုပေါင်း ၁၃၂၀ ကို ရောင်းချပေးခြင်း ဖြစ်သည်။

မိုဘိုင်းဖုန်းများကို ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် ၈၇၀၀၀ လုံး ရောင်းချပေးသွားမည်ဖြစ်ပြီး မြောင်းမြမြို့အတွက် ၁၃၂၀ လုံးရောင်းချခွင့် ရရှိခြင်းဖြစ်သည်။

အောင်မင်း(မြောင်းမြ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအတွက် Air Conditioner (1.5)Hp ,Air Conditioner (2)Hp, Air Conditioner (5)Hp, Air Conditioner (6.5)Hp, Micronmeter နှင့် Chain Saw (Germany)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃၀-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂၊ ၄၁၀၃၉၁

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
နိုင်ငံခြားဘာသာစကားသင်တန်းသား
လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ပြင်သစ် (ဘာသာပြန်၊ စကားပြန်)၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းနှင့် မြန်မာ(နိုင်ငံခြားသားများအတွက်သီးသန့်) ညနေသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	- ၁၃-၅-၂၀၁၃ရက်
လျှောက်လွှာစတင်လက်ခံမည့်ရက်	- ၇-၅-၂၀၁၃ရက်
လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်	- ၁၀-၅-၂၀၁၃ရက်
အင်္ဂလိပ်ဘာသာအတွက်	- သတ်မှတ်ထားသည့် သင်တန်းသား ဦးရေပြည့်သည့်ရက်
လျှောက်လွှာလက်ခံမည့်နေရာ	- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
သင်တန်းပို့ချမည့်ရက်	- တနလ်ာ၊ ဗုဒ္ဓဟူး၊ သောကြာ
သင်တန်းပို့ချမည့်အချိန်	- ညနေ ၅း၂၀-၇း၀၀နာရီ
ပညာအရည်အချင်း	- တက္ကသိုလ်ဝင်စာမေးပွဲအောင်
တင်ပြရန်စာရွက်စာတမ်းများ	- တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့် မိတ္တူ(သို့မဟုတ်)အမှတ်စာရင်းမူရင်းနှင့် မိတ္တူ(သို့မဟုတ်)ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ ဓာတ်ပုံ သုံးပုံ
စုံစမ်းရန်ဌာန	- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၅၁၄၃၇၂၊ လိုင်းခွဲ (*၈၀၉)

သင်တန်းတက်ရောက်မည့်သူကိုယ်တိုင် လျှောက်လွှာ လာရောက်တင်သွင်းရမည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။	သံချောင်းလုံး (အရွယ်စုံ)	၄၅၀.၉၁၆ တန်
၂။	တာယာ (အရွယ်စုံ)	၂၅၇၂ စုံ
၃။	ဘက်ထရီ (အရွယ်စုံ)	၁၆၅၀ လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် ၄၃၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၁၇

အမည်ပြောင်း

ကျိုင်းတုံမြို့၊ အထက(၅)၊ စတုတ္ထတန်းအောင်မှ မောင်စိုင်းဝန်းဖိတ်အား မောင်စိုင်းဝန်းပြည်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ အိုက်ကျိုင်းမုန့် ၁၃/ကတန(နိုင်)၀၉၈၅၁၉ ဖြစ်ပါသည်။

မောင်စိုင်းဝန်းပြည့်

ဖခင်အမည်မှန်

အထက(၁)၊ လှိုင်သာယာမှ န၀မတန်းကျောင်းသား မောင်တန်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးဖိုးပိုက် ၇/သနပ(နိုင်)၀၄၉၀၀၀ ဖြစ်ပါသည်။

ပျောက်ဆုံး

ကျွန်မ မဆွေလှိုင်ထား၏ နိုင်ငံကူးလက်မှတ် ၇၉၈၈၅၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၂၈၀၁၄၆၄၈**

ပြောင်းလဲခေါ်ဆိုပါရန်

ဦးစိန်ဝင်း၏သား မောင်ဇော်မင်းထွန်း၏အမည်မှန်မှာ မောင်ဇော်ဝင်းထွန်း ၈/မကန(နိုင်)၁၀၄၃၂ အမက(ခွဲ)၊ ကဝ(၂၀) စေတုတ္တရာမြို့မှ ဦးဇော်ဝင်းထွန်း၏ သမီးများဖြစ်ကြသော မန့်တင်ဇာဝင်းအား မန့်သဉ္ဇာလင်း၊ မအိသင်ဇာသင်းအား မအိသဉ္ဇာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကြော်ငြာ

ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့်ဆုမွန်ကောင်းတောင်းခြင်း

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်ကြီးကြပ်မှု၊ Thousand Islands BusinessGroup ၏စီမံဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ၂၀၁၃-ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့ မှ (၂၉) ရက်နေ့အထိ ရန်ကုန်လူနေမှုပရိဘောဂပြပွဲ (Yangon Lifestyle Furniture Fair) ပြပွဲတွင် အောက်ဖော်ပြပါကုမ္ပဏီ (၃၃) ခုတို့က ပြခန်းပေါင်း (၁၆၄) ခန်းကို ပူးပေါင်းပါဝင်ပြသသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း နှင့် ဆက်လက်၍ ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည် -

Asia Wood Co., Ltd
Beautiful Wood Co.,Ltd
Brightex Paints (singapore)
Chan Myae Thar Furniture Co.,Ltd
Classic Home Co.,Ltd
Cupid Furniture
Dain Co.,Ltd
Gold Home Family Co.,Ltd
Gold Sleep
Great Wall International Co.,Ltd
Hla Kabar Furniture
Hla Tha Phu Furniture
Hlaing Myitta & Great Summit Co.,Ltd
Lin Win Co.,Ltd
Lucky Man
Myanmar Timber Enterprise (MTE)
Myanmar Kowa Internation Co.,Ltd
Nat Ray
Orion
Pwint Oo Modern Furniture Co.,Ltd
Royal Furniture
Sein & Mya Furniture
Shwe Pin Ngwe Pin
Shwe Nandawun
Sinma Furnishings Co.,Ltd
Star Tek Co.,Ltd
Sun Power Co., Ltd
Sweety Home Industry Co.,Ltd
Timber Land Furniture
Trasco Trading Co.,Ltd
United Wood Industries Co.,Ltd
Viva Parquet
Wah Lwin Manufacturing Ltd

ပြပွဲကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်ဒေသကြီး(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်၊ ပွဲရုံမြေကွက် (စီ-၁၅)၏ ကျွန်တော် အမည်ပေါက် မြေပေးအမိန့် (၇၇/၂၀၀၈) မူရင်းပျောက်ဆုံးနေပါ၍ မိတ္တူမှန်လျှောက်ထားသည်ဖြစ်ရာ ကန့်ကွက်လိုသူများ အနေဖြင့် ယနေ့မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် မြေပေးအမိန့်ထုတ်ပေးသည့် မူဆယ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးအိုင်ထွန်း
၉/မရမ(နိုင်)၀၂၈၁၃၅
အမှတ် (၉၁-အေ)၊ သံလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်ဒေသကြီး(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်၊ ပွဲရုံမြေကွက် (ဘီ-၆၃)၏ ကျွန်မ အမည်ပေါက် မြေပေးအမိန့် (၈၁/၂၀၀၈) မူရင်းပျောက်ဆုံးနေပါ၍ မိတ္တူမှန်လျှောက်ထားသည်ဖြစ်ရာ ကန့်ကွက်လိုသူများ အနေဖြင့် ယနေ့မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် မြေပေးအမိန့်ထုတ်ပေးသည့် မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက် ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်နန်းခင်ညွန့်
၉/မရမ(နိုင်)၀၂၈၁၃၆
အမှတ် (၉၁-အေ)၊ သံလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်ဒေသကြီး (မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်၊ ပွဲရုံမြေကွက် (ဘီ-၆၂)၏ ကျွန်တော် အမည်ပေါက် မြေပေးအမိန့် (၈၃/၂၀၀၈) မူရင်းပျောက်ဆုံးနေပါ၍ မိတ္တူမှန်လျှောက်ထားသည်ဖြစ်ရာ ကန့်ကွက်လိုသူများ အနေဖြင့် ယနေ့မှစ၍ ၁၅ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် မြေပေးအမိန့်ထုတ်ပေးသည့် မူဆယ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ကန့်ကွက်နိုင်ပါကြောင်း၊

ဦးအောင်ကျော်ဦး
၁၂/မဂတ(နိုင်)၀၈၇၂၄၃
အမှတ် (၉၁-အေ)၊ သံလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

အေးရတနာမိုး CAR RENTAL

မြို့တွင်း၊ မြို့ပြင်၊ နှစ်ချုပ်၊ လချုပ်၊ ရက်ပိုင်း ငှားရန် Probox, AD Van များ ကိုဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျငှားရမ်းပေးနေပါသည်။

အမှတ်-၁၂၇၊ ၂၁လမ်း၊ လသာမြို့နယ်။ဖုန်း-၀၉၇၃၀၃၈၁၂၀။

FAME **JavaHerb®** Anti-diabetic **သကြားမကိုင်ဆေး**
1112 YR 008205
၂/၂၀၁၂ တဆထလ/တး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **GynuHerb®** Natural medicine for diabetes **ပျားမြီးရွက်ဆေး**
TMR 009054 (0814)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ဆီးချိုရောဂါ ကာကွယ်ရန်နှင့်ကုသရန်
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၆၁၊ မြေကွက်အမှတ်၂၉၀၈+၂၉၀၉၊မြေကွက်တည်နေရာအမှတ် ၂၉၀၈+၂၉၀၉၊ ၆၁ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ချိုချိုသန်း(ခ)ဒေါ်ချိုချိုဆွေ-ဦးလှဘော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဘော်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ကျင်သန်း ၁၂/တမန(နိုင်)၀၇၂၈၂၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ငွေးထံမှ GP အမှတ်[illegible]ဖြင့်ပါဝါရရှိသူ ဦးကျော်ထွန်းမင်း ၁၁/စတန(နိုင်)၀၀၀၁၇၇ နှင့်ဂရန်အမည်ပေါက်ပူးတွဲပိုင်ရှင် ဒေါ်ချိုချိုသန်း(ခ)ဒေါ်ချိုချိုဆွေ ၁၂/သကတ(နိုင်)၀၄၀၉၇၁တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်ရွှေ့လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ အလက(၁၂)၊ ဆဋ္ဌမတန်းမှ မအိအိလွင်၏ ဖခင်အမည်မှန်မှာ ဦးလွင်ဦး ၁၂/လမန(နိုင်)၀၈၂၅၀၅ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၄/က၊ ၃/ဗိုလ်ထွန်းဇံမြေကွက်အမှတ် က/၁၀၅၊ မြေကွက်တည်နေရာ ၂၄/က၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်လှခင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်လှခင် ၁၂/ဒပန(နိုင်)၀၂၈၉၈၀ က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မိခင်အမည်မှန်

မကွေးနယ်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခံ အထက သတ္တမတန်းမှ မောင်ဝေလျှံထက်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်စန်း ၁/ကမန(နိုင်)၀၂၆၀၅၃ ဖြစ်ပါကြောင်း။

ဒေါ်မြင့်မြင့်စန်း

အများသိစေရန်ကြေညာခြင်း

ဒေါ်စန်းနု ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၃၃ (B4) ၏ စာရွက်စာတမ်း မူရင်းများသည် အိမ်အပြောင်းအရွှေ့ပြုလုပ်ရာတွင် ပျောက်ဆုံးသွားပါသဖြင့် စာရွက်စာတမ်း မိတ္တူမှန် ပြန်လည်လျှောက်ထားလျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းနု
၁၂/ရကန(နိုင်)၀၁၀၂၄၆
ဖုန်း-၀၉-၇၃၀၈၄၄၆၈

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

Aspect Management (Myanmar) Co.,Ltd

ရန်ကုန်၊ နေပြည်တော်နှင့် အခြားနယ်မြို့များအတွက်

၁။ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား/မ(၃၀)ဦး

- ကျန်းမာသန်စွမ်းပြီးရောဂါကင်းဝေးရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်။
- စကားအပြောအဆိုပြေပြစ်ကောင်းမွန်ရမည်။
- အသက် ၂၀ မှ ၄၅ အတွင်း ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
- စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးပြီး အသက်လျှော့ပေါ့စဉ်းစားမည်။
- ညအိပ်ညနေအဆောင်နေမည့်သူများလည်း လျှောက်ထားနိုင်သည်။
- အရက်သေစာ သောက်စားသူများ လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

အရည်အချင်းရှိသောဝန်ထမ်းများဖြစ်စေရန် နိုင်ငံတစ်ကာအဆင့်မီသော သင်တန်းများအဖြစ် စာတွေ့ လက်တွေ့များကို ကုမ္ပဏီမှ အခမဲ့သင်ကြားပို့ချပေးမည်။

စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မူရင်း CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။

Aspect Management (Myanmar) Co.,Ltd
အမှတ်(39-A)၊ဖိုးစိန်လမ်း၊(Holiday Restaurant ဘေးလမ်းမှဝင်ရန်)ဗဟန်း၊ရန်ကုန်မြို့။
Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

ဘုရားဖူး ဂေါ်လာဆောင်ဖို့ ကန်တော့ဖို့
ရွှေပိုးနန်းတော်
ဒေါင်းပေါင်း၊ တိုက်ပုံ၊ ပုဆိုး၊ ပိုးထည်၊ ချည်ထည်၊ လက်လီ၊ လက်ကား ဖြန့်ချိရေး

ဝယ်ယူအားပေးကြသော Customerများကို ကျေးဇူးတုံ့ပြန်သော အနေဖြင့် Promotionကာလကို ပြေလကုန်အထိ ထပ်မံတိုးမြှင့်လိုက်ပါသည်။

ပစ္စည်း (၆) မျိုးပေါင်း ၅၅၀၀၀ကျပ်တိတိ

၁။ တိုက်ပုံ
၂။ အမျိုးသားဝတ် စတစ်ကော်လံ
၃။ ချည်ပိုးပုဆိုး
၄။ အမျိုးသမီးဝတ် ချည်ချိတ်လုံချည်
၅။ အမျိုးသမီးဝတ် ချည်ပိုးတစ်ကိုတ်
၆။ ပွဲတက်ပုဝါ

ပစ္စည်းအမျိုးအစားကောင်းရမည်။ အာမခံပါသည်။

၅၅၀၀၀ကျပ်မှစ၍ ၁၃၅၀၀၀ကျပ်အထိ Package မျိုးစုံ ရနိုင်ပါသည်။

